မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၉၅)၊ အမှတ် (၂၀၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိကနိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၇

၂၀၀၆ ခုနှစ် မေ ၂၇ရက်တွင် ကျရောက်သော တောင်အာဖရိက သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ သာဘို၊ အမ်၊ အမ်ဘီကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆားဘီးယားနှင့်မွန်တီနီဂရိုနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၇

၂၀၀၆ ခုနှစ် မေ ၂၇ရက်တွင် ကျရောက်သည့် ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ဆားဘီးယားနှင့်မွန်တီနီဂရိုနိုင်ငံ သမ္မတ မစ္စတာ ဆဗက်တိုဇာ၊ မာရိုဗစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Colonel°° General, Moltenskoi Vladimir I အား နေပြည်တော်မြို့တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ်ဒုတိယဦးစီးချုပ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Colonel General, Moltenskoi Vladimir I ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်မြို့တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Colonel General, Moltenskoi Vladimir I ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော် မြို့တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာန ဘုရင့်နောင် ရိပ်သာ၌ အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဝင်ငွေနှင့်အသုံးစရိတ် တွက်ခြေကိုက်ရေးဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် စီမံကိန်း၊ စီမံချက်များ စနစ်တကျချမှတ်ကာ ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

ထိုသို့ တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသ ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းတို့ကို အချိတ်အဆက်မိမိ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မြော်မြင်တွက်ဆနိုင်မှု၊ ကြံစည်အားထုတ်မှု၊ နိုင်ငံတော်အပေါ် စေတနာထားမှုတို့ကြောင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးသည် ကွက်လပ်မကျန် တစ်ပြိုင်တည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

ပြည်သူလူထုကို အကျိုးပြုသည့် စီးပွားရေးအခြေခံများ၊ လမ်းပန်းဆက်သွယ်မှုအခြေခံများ၊ ဆည်မြောင်းတာတမံများ၊ စက်ရုံအလုပ်ရုံများသည် အုံနှင့်ကျင်းနှင့် ပေါ်ပေါက်လာလျက်ရှိသည်။ ယင်းအခြေခံကောင်းများကို အသုံးပြု၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဖော်ဆောင်သွားကြရမည်ဖြစ်သည်။

မကွေးတိုင်း ချောက်မြို့နယ် ရေတွင်းကျေးရွာအနီး တည်ဆောက်ပြီးစီးသွားသော အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန်၃၀ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ (ချောက်) ဖွင့်ပွဲအခမ်းအနားကို ဧပြီလ၂၃ရက်နေ့ နံနက်ပိုင်းက အဆိုပါစက်ရုံ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

စက်ရုံညွှန်ခန်းမ၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက–

> **“ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုတန်ဖိုးတို့နှင့် စပ်လျဉ်း၍ စက်ရုံ၏ စက်ပစ္စည်း ကိရိယာများအပြင် ထုတ်လုပ်မှုဖြစ်စဉ်၌ အသုံးပြုသည့် ဓာတုပစ္စည်းများအတွက် ကနဦးကုန်ကျငွေ (Initial Cost)နှင့် နှစ်စဉ်ကုန်ကျငွေ (Annual Cost)တို့ကို သေချာစွာတွက်ချက်ပြီး ငွေကြေး စီမံခန့်ခွဲမှုကို စနစ်တကျ ဆောင်ရွက်ရန်နှင့် အသုံးစရိတ်နှင့် ဝင်ငွေအချိုး (Operating Ratio) တွက်ခြေကိုက်ရေး ကြိုးစားဆောင်ရွက်ရန်”**

မှာကြားခဲ့သည်။

ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံကို စက္ကူပျော့ဖတ်များနှင့် ချည်ထည်များ အရောင်ချွတ်ရာတွင် ဈေးသက်သာစွာ သုံးစွဲရန်၊ နိုင်ငံခြားမှ ဈေးနှုန်းကြီးစွာ ပေးနေရသည့် သွင်းကုန်အစားထိုးရန်၊ ကျန်းမာစွာ စားသောက်နေထိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်ရန်၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများရရှိရန်၊ ဒေသဖွံ့ဖြိုးပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ဟိုက်ဒရိုဂျင်ပါ အောက်ဆိုဒ်သုံးစွဲသော ဓာတုဗေဒစက်ရုံများ တိုးပွားလာရေး အထောက်အကူပြုစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခြင်းဖြစ်သည်။

ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်ကို စက္ကူပျော့ဖတ်နှင့် ချည်ထည်များ အရောင်ချွတ်ခြင်း၊ စွန့်ပစ်ရေသန့်စင်မှုတွင် သုံးစွဲခြင်း၊ Vitimin B 1 Injection, Prothionamide (TBဆေး)၊ Dexamethasone, Cortisone (ဖောရောင်ကျဆေး)၊ Pesticide (ပိုးသတ်ဆေး) စသည့် ဆေးဝါးများ ထုတ်လုပ်ရာတွင် သုံးစွဲခြင်း၊ အစားအသောက်များ၊ အသားများ၊ ဟင်းသီးဟင်းရွက်များ ဆေးကြောရာ၌ သုံးစွဲခြင်း၊ အလှပြင်ဆိုင်များတွင် သုံးစွဲခြင်းနှင့် ဆီ၊ ဆီခဲ၊ ဖယောင်း၊ သားရေ၊ ကော်၊ သိုးမွေး၊ ဆေးရွက်ကြီး စသည်တို့ကို အရောင်ချွတ်ရာတွင် သုံးစွဲခြင်းတို့ပြုလုပ်နိုင်ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်သူလူထုအကျိုးအတွက် စက်ရုံအလုပ်ရုံများကို တိုးချဲ့တည်ဆောက်ပေးနေသည့်အလျောက် စက်ရုံဝန်ထမ်းများအနေဖြင့် စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးနှင့် ဝင်ငွေနှင့် အသုံးစရိတ် တွက်ခြေကိုက်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ＊ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ＊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ＊ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ＊ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ မြစ်ကြီးနားလေဆိပ်တိုးချဲ့မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြစ်ကြီးနား လေယာဉ်ကွင်း တိုးချဲ့ ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

ရန်ကုန် ဧပြီ ၂၆

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဧပြီ၂၃ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားလေဆိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လေဆိပ်အရေးကြီးပုဂ္ဂိုလ် နားနေဆောင်၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က မူလလေယာဉ်ပြေးလမ်း ပေ ၆၀၀၀ x ပေ ၁၀၀ ကို ပေ ၇၀၀၀ x ပေ ၁၀၀ ရရှိသည်အထိ တိုးချဲ့ဆောင်ရွက်နေမှု အခြေအနေ၊ လေယာဉ်ပြေးလမ်းမြောက်ဘက် ပေ၂၀၀ x ပေ၁၀၀ကျောက်ကတ္တရာခင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ မြေသားလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ကြိုးစားဆောင်ရွက်

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က လေယာဉ်ကွင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်၊ သစ်ပင်ပန်းပင်များအပြင် ကြက်ဆူပင်များကိုလည်း အဓိကထားစိုက်ပျိုးကြရန်၊ မိမိတို့ဌာနဝင်ငွေတိုး၍ ထွက်ငွေနည်းနိုင်သမျှ နည်းအောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်းမြောက်ဘက် ကျောက်ကတ္တရာခင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မြေသားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၇-၄-၂၀၀၆

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄း၁၅	၄။	မျိုးချစ်တပ်မတော်
၄း၂၀	၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၈။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၀၀	၉။	မျိုးချစ်တပ်မတော်
၅း၂၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသ သတင်း
၆း၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၅၀	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မေတ္တာသည်သာ”** (အပိုင်း–၉)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“တရားစီရင်ထုံး”** (အပိုင်း–၂၈)

ဂျပန်ဘာသာသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဂျပန်နိုင်ငံ Koeki Shoji Co.,Ltd.တို့ ပူးပေါင်းဖွင့်လှစ်သည့် Koeki Japanese Language Course ပထမနှစ် အပတ်စဉ်(၃)နှင့် ဒုတိယနှစ် အပတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ၁နာရီက ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ UMF CCI Training Centre ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးထွန်းအောင်၊ အလုပ်အမှုဆောင်များ၊ ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီဝင်များ၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

တက်ရောက်

အခမ်းအနားတွင် အသင်းချုပ် အထွေထွေအတွင်းရေးမှူး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် Koeki Shoji Co., Ltd. မှ ဒါရိုက်တာ Mr. Kinoshita Eigo တို့က အမှာစကား ပြောကြားကြသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၇၄ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ **ရှေ့ဖုံးမှ**

ထိုသို့ လက်ခံ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ ဖြစ်ကြသော စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Colonel General, Moltenskoi Vladimir I ခေါင်းဆောင်သည့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Vladimix I Konchakov လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် **Colonel°° General, Moltenskoi Vladimir I**အား နေပြည်တော်မြို့တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆွေသည်တရုတ်ဝန်ကြီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဧပြီ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xudong နှင့် အဖွဲ့ဝင် ကိုးဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် ဝန်ကြီးနှင့်အဖွဲ့အား မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ကျိုက်ထော်စံပြကျေးရွာ ဖွင့်ပွဲတက်ရောက် ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနေမှု ကြည့်ရှုအားပေး

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ကျိုက်ထော်စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီးဒေါ်မာမာဝေတို့သည် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် မဆယ်ဆိပ်ကျေးရွာ အုပ်စု၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်သို့ ရောက်ရှိလာပြီး ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ ပျိုးကိုင်းနှင့် ပျိုးပင်များကို ပျိုးထောင်စိုက်ပျိုးပေးကြကာ ခြံစည်းရိုး ကြက်ဆူပျိုးဥယျာဉ် စိုက်ပျိုးရေးပညာပေးပြကွက်နှင့် ကျေးရွာများရှိ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများ၏ ခြံစည်းရိုး ကြက်ဆူပျိုးပင်များ စုပေါင်း စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ကျိုက်ထော်စံပြကျေးရွာ ကျေးရွာဆိုင်းဘုတ် ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၁ နာရီခွဲတွင် အဆိုပါ စံပြကျေးရွာထိပ်ရှိ မုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက စံပြကျေးရွာမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက စံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက်တိုင်းမှူးသည်ကျိုက်ထော်စံပြ ကျေးရွာ တယ်လီဖုန်းအိတ်ချိန်းနှင့် စာတိုက်ကိုလည်းကောင်း၊ ကျိုက်ထော်စံပြကျေးရွာ (၁၆ခုတင်)ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုကာ လူနာများအတွက် ထောက်ပံ့ငွေနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အားဆေးနှင့် Safe Delivery Kit များ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က တိုက်နယ် ပြည်သူ့ဆေးရုံအတွက် အလှူငွေကျပ် တစ်သိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းဝင်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများသည် ကျိုက်ထော် စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ရင်သွေးငယ်ကလေးများ၏ စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးကြပြီး ရင်သွေးငယ်ကလေးများအား စားစရာမုန့်နှင့် ကစားစရာ အရုပ်များ ဝေငှပေးကြသည်။

အဆိုပြုလွှာပေးအပ်

ယင်းနောက် ကျိုက်ထော်စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကို ကျိုက်ထော်စံပြကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက စံပြကျေးရွာဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ကျိုက်ထော်စံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်မြမြသင်းက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းထံသို့ လည်းကောင်း၊ ကော့မှူးမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်သိန်းက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူထံသို့ လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်နှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဝတ်စုံများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ကျိုက်ထော်စံပြကျေးရွာ အမေ့ရွာ စာပျိုးခင်း စာကြည့်တိုက်သို့ရောက်ရှိပြီး စာကြည့်တိုက်အတွက် သုတ/ရသစာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့သွားရောက်၍ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ဆက်လက်၍ တိုင်းမှူးသည် ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဇနီး ဒေါ်မာမာဝေ ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ကျိုက်ထော်စံပြကျေးရွာ စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၆

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲကို ဧပြီ ၂၄ ရက် နံနက် ၈ နာရီခွဲတွင် မိတ္ထီလာမြို့ ရှမ်းတဲ လေကြောင်းအတတ်သင် လေတပ်စခန်း သူရအုန်းခိုင်ခန်းမ၌ ကျင်းပရာ လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ် ခင်မောင်တင်၊ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးမျိုးလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ မြေပြင် အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ လေကြောင်းအတတ်သင်လေတပ်စခန်းနှင့် မြေပြင်အတတ်သင် လေတပ်စခန်းတို့မှ အရာရှိ၊ စစ်သည်များ၊ မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှမျိုးရှိန်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ဖွင့်ပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

ကလေးများကြီးထွားနှုန်း တိုင်းထွာရေးညွှန်ကြားချက်အသစ်ထုတ်ပြန်မည်

ဂျီနီဗာ ဧပြီ ၂၆

ကလေးသူငယ်များ ကြီးထွားနှုန်းတိုင်းထွာရေးနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ညွှန်ကြားချက်အသစ်များ ထုတ်ပြန်တော့မည်ဖြစ်ကြောင်း သိရသည်။



နို့မှုန့်သောက်သုံးနေသောကလေးငယ်တစ်ဦး

ကလေးသူငယ်များ ကြီးထွားနှုန်းဆိုင်ရာ လက်ရှိပုံစံကားချပ်ဇယားမှာ လွန်ခဲ့သည့် အနှစ် ၂၀က အဓိကအားဖြင့် နို့မှုန့်သောက်သုံးသူ ကလေးသူငယ်များ၏ ဖွံ့ဖြိုးမှုပုံစံများကို အသုံးပြုသည့် တွက်ချက်ခြင်းကို အခြေခံထားသည်။

ထင်မြင်စရာဖြစ်

သို့သော် နို့မှုန့်သောက်သုံးသည့် ကလေးသူငယ်များသည် မိခင်နို့စို့သည့် ကလေးသူငယ်များထက် ပိုမိုမြန်ဆန်စွာ အလေးချိန်တိုးလာသည်။ အဓိပ္ပာယ်မှာ မိခင်နို့စို့သည့် ကလေးသူငယ်များမှာ အလေးချိန်မပြည့်ဟု ယူဆထင်မြင်စရာဖြစ်ရသည်။

ဒဗလျူအိတ်ချ်အို ထောက်ခံသည့် ပုံစံကားချပ်ဇယားမှာမူ မိခင်နို့စို့သည့် ကလေးသူငယ်များထံမှ အချက်အလက်များကို အခြေခံသည့် နိုင်ငံပေါင်းခြောက်နိုင်ငံမှ ကလေးသူငယ် ၈၀၀၀ ကျော်၏ သတင်းအချက်အလက်များကို သုတေသနပြုထားခြင်း ဖြစ်သည်။

ကြီးထွားနှုန်း

မိခင်နို့ရည်တွင် ပါဝင်သည့် ဓာတ်များမှာ လူသားအတွက် အထူးဖန်တီးထားသည့် ဓာတ်များဖြစ်ကြောင်း ဆေးဝါးသုတေသနကောင်စီမှ အာဟာရပါရဂူ ဒေါက်တာတိုနီစတီးယားက ပြောဆိုသည်။

ကြီးထွားနှုန်း ပိုမြန်သည့် နို့မှုန့်သောက်ကလေးများတွင် သွေးတိုး၊ ဆီးချို၊ အဝလွန်ခြင်းနှင့် ကိုလက်စထရောများခြင်း စသည့်လက္ခဏာများ ကြီးလာသည့်အခါ တွေ့ရတတ်ကြောင်း၊ ကလေးကျန်းမာရေးသိပ္ပံမှ ကလေးသူငယ်အာဟာရပါရဂူ ပါမောက္ခအလန်ကူးတပ်စ်က ပြောကြားပြီး ဒဗလျူအိပ်ချ်အို၏ လမ်းညွှန်ချက်သစ်များကို ကြိုဆိုလိုက်သည်။ **(အင်တာနက်)**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ခင်းကျင်းပြသသည့် (၁၀) ကြိမ်မြောက် အာရှစစ်ဘက်ဆိုင်ရာ ကုန်စည်ပြပွဲတွင် ပြသထားသော စစ်လက်နက်ပစ္စည်းများကို ဧပြီ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

ရှိတ်စပီးယား၏အနုပညာလက်ရာဆိုင်ရာပွဲတော် ဗြိတိန်၌ နှစ်လုံးပေါက်စင်တင်ကပြသွားမည်

လန်ဒန် ဧပြီ ၂၆

ရှိတ်စပီးယားပြဇာတ်များကို ယခင်က ခမ်းခမ်းနားနားတစ်ခါမျှ မပြုလုပ်ဖူးသေးသည့် ရှိတ်စပီးယား လက်ရာများဆိုင်ရာ အကြီးဆုံးပွဲတော်ကြီးတစ်ခုကို ဧပြီ၂၃ရက်ညက စတင်ဖွင့်လှစ်ခဲ့ပြီး အဆိုပါထူးခြားသည့်ပွဲတော်သို့ ပြည်တွင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြဇာတ်ဆိုင်ရာ ကုမ္ပဏီများအား ဖိတ်ကြားပြသခဲ့သည်။ ယင်းပွဲတော်သည် ရှိတ်စပီးယား၏ အနုပညာလက်ရာအားလုံးကို နှစ်လုံးပေါက်ပြသမည့်ပွဲတော်လည်းဖြစ်သည်။

အဆိုပါပြပွဲကို တော်ဝင်ရှိတ်စပီးယားကုမ္ပဏီ(အာအက်စ်စီ)ကဦးဆောင်ကာ ရှိတ်စပီးယား၏ ပြဇာတ် ၃၇ ပုဒ်၊ ဝဏ္ဏဆယ်လုံးပါ ဆယ့်လေးကြောင်းစပ် လင်္ကာများနှင့် ကဗျာရှည်များကို ရှိတ်စပီးယားမွေးဖွားရာနှင့် သေဆုံးရာမြို့ဖြစ်သည့် အင်္ဂလန် နိုင်ငံ အလယ်ပိုင်းရှိ ဆရက်ဖို့ဒ်အပ်ပွန်-အဗွန်မြို့တွင် ၂၀၀၆ ခုနှစ် ဧပြီလမှ ၂၀၀၇ ခုနှစ် ဧပြီလအထိ စင်တင်ကပြသွားမည်ဖြစ်သည်။

ပြသမည်

ရှိတ်စပီးယား၏ အနုပညာလက်ရာအားလုံးကို အာအက်စ်စီက ၂၃ ပွဲ၊ နိုင်ငံတကာထုတ်လုပ်သူများက ၁၇ပွဲနှင့် ဗြိတိန်အခြေစိုက် ရောက်ရှိလာသည့် ကုမ္ပဏီများက ၁၄ ပွဲပြသသွားမည်ဖြစ်သည်။

စီစဉ်တင်ဆက်

အဆိုပါ ပွဲတော်သည် ပြဇာတ်များကို နှစ်ခြိုက်ကြသည့်သူများနှင့် ပြဇာတ်ကပြသည်ကို မကြည့်ဖူးကြသည့်သူများအတွက်ပါ အပြည့်အဝ စီစဉ်တင်ဆက်သွားမည်လည်း ဖြစ်သည်။ ယင်းအတွက် ကပြမည့်သူများ၊ ဒါရိုက်တာများနှင့် ပံ့ဖော်မည့်အဖွဲ့ဝင်များသည် ပြဇာတ်မပြမီနှင့် ပြဇာတ်တင်ဆက်ပြီးချိန်များတွင် ဆွေးနွေးတိုင်ပင်ကြမည့်အပြင် ဆံပင်တုများ၊ မိတ်ကပ်များလိမ်းခြယ် ပြင်ဆင်ကာ လက်တွေ့အလုပ်ရုံ ဆွေးနွေးပွဲများ၊ တေးဂီတပွဲများ၊ စကားရည်လုပွဲများနှင့် ပြပွဲများကိုပါ စီစဉ်တင်ဆက်သွားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် မြေကမ္ဘာနေ့အထိမ်းအမှတ် ပြပွဲအဖြစ် ဘူမိဗေဒပြတိုက်၌ ပြသထားသော ရွှေသတ္တုရိုင်းအား စိတ်ဝင်တစား လေ့လာနေသူများကို ဧပြီ ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီဂျစ်နိုင်ငံဆိုင်းနိုင်းကျွန်းဆွယ်၌ဗုံးပေါက်ကွဲ အနည်းဆုံး လူ ၂၃ ဦးသေဆုံး၊ ၆၂ ဦးဒဏ်ရာရရှိ

ဒါဟက်ဘ်(အီဂျစ်) ဧပြီ ၂၆

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ် အပန်းဖြေစခန်းတစ်ခုရှိ နိုင်ငံခြားခရီးသွားများနှင့် လူစည်ကားသော ဈေးတစ်ဈေးနှင့် စားသောက်ဆိုင်တို့တွင် တစ်ပြိုင်တည်းနီးပါး ဗုံးပေါက်ကွဲခဲ့သဖြင့် အနည်းဆုံးလူ ၂၃ ဦး သေဆုံးသွားကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။

သေဆုံး

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးရာတွင် ဒါဟက်ဘ်အပန်းဖြေစခန်းဖြစ်သော ဒိုင်ဗင်လေ့ကျင့်ရေးစခန်း၌ အနက်ရောင်အိတ်ဖြင့် ထုပ်ပိုးထားသည့်သေဆုံးသူများတွင် ဂျာမန်လူငယ်တစ်ဦးနှင့် အခြားနိုင်ငံခြားသားနှစ်ဦးပါဝင်ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

ပြောကြား

ယင်းဗုံးပေါက်ကွဲမှုသည် ဧပြီ ၂၄ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ ဒဏ်ရာရရှိသူ ၆၂ ဦးတွင် ဒိန်းမတ် သုံးဦး၊ ဗြိတိသျှသုံးဦး၊ အီတလီနှစ်ဦး၊ ဂျာမန်နှစ်ဦး၊ ပြင်သစ်နှစ်ဦး၊ တောင်ကိုရီးယား၊ လက်ဘနွန်၊ ပါလက်စတိုင်း၊ အမေရိကန်၊ အစ္စရေးနှင့် ဩစတြေးလျတစ်ဦးစီပါဝင်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဆိုင်းနိုင်းကျွန်းဆွယ်၌ စားသောက်ဆိုင်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်ပြည်နယ်လေးခု၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား

ကဘူးလ် ဧပြီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါပြည်နယ်လေးခု၌ ဖြစ်ပွားနေကြောင်း ဧပြီ ၂၄ ရက်က အက်ဖ်အေအိုမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ ပြည်နယ်လေးခု၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး H_5N_1 ရောဂါပိုးများကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ ၎င်းပြည်နယ်လေးခုမှာ ကဘူးလ်၊ နန်ဂါဟာ၊ လော်ဂါနှင့် ကာပီဆာတို့ဖြစ်ကြောင်း ယင်းကြေညာချက်၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်သမ္မတ ဟူကျင်တောင်၏ အာရှ-အာဖရိကခရီး ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဆက်ဆံရေးပိုမိုခိုင်မာစေမည်

ပေကျင်း ဧပြီ ၂၆

တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးတစ်ဟုန်ထိုးတိုးတက်သည့်ကြားမှပင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာအောင်ကြိုးပမ်းရန် ရည်ရွယ်ချက်ရှိကြောင်းကို တရုတ်သမ္မတဟူကျင်တောင်၏ အာရှ-အာဖရိကရောက် နိုင်ငံခရီးစဉ်က ပြသလျက်ရှိကြောင်း တရုတ်ကျွမ်းကျင်သူတစ်ဦးက ဧပြီ၂၄ရက်၌ ပြောကြားလိုက်သည်။

တရုတ်သမ္မတဟူကျင်တောင်

သမ္မတ ဟူကျင်တောင်၏ ထိုခရီးစဉ်မှာ မိတ်ဆွေဟောင်းနိုင်ငံများနှင့် အစဉ်အလာ ဆက်ဆံရေးကို အားဖြည့်ထားရန်နှင့် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုကို စွမ်းအားသစ်သွတ်သွင်းရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းများကို ဆွေးနွေးရန် သွားရောက်ခြင်းဖြစ်ကြောင်း တရုတ်ခေတ်သစ်နိုင်ငံတကာ ဆက်ဆံရေးသိပ္ပံမှ သုတေသနပညာရှင် ယုဝမ်ရှင်းက တရုတ်နေ့စဉ်သတင်းစာတွင် ရေးသားဖော်ပြသည်။

စတင်

သမ္မတ ဟူကျင်တောင်သည် အမေရိကန်ခရီးစဉ်အပြီးတွင် ဆော်ဒီအာရေဗျ၊ မော်ရိုကို၊ နိုင်ဂျီးရီးယားနှင့် ကင်ညာနိုင်ငံတို့သို့ စနေနေ့က စတင်ခရီးထွက်ခဲ့သည်။

ဤနှစ်သည် တရုတ်နိုင်ငံနှင့် အာဖရိကနိုင်ငံများ သံတမန်ဆက်သွယ်ခဲ့သည့် နှစ်(၅၀)မြောက် နှစ်ပတ်လည် အခါသမယဖြစ်သည်။

သမ္မတဟူကျင်တောင်၏ ထိုခရီးစဉ်က နိုင်ငံရေးအရ အပြန်အလှန် ယုံကြည်မှုကို မြှင့်တင်ပေးပြီး အပြန်အလှန်အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



စာအုပ်ပန်းပု

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ဥယျာဉ်တစ်ခုတွင် ဂျာမန်နာမည်ကြီးစာရေးဆရာများ၏ စာအုပ်များအား ပန်းပုထုလုပ် ပြသထားသည်ကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားတောင်ပိုင်း၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျ လေးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

မော်စကို ဧပြီ ၂၆

ရုရှားနိုင်ငံတောင်ပိုင်းတွင် ဧပြီ ၂၃ ရက်က လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေးဦးသေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်သူ့ကာကွယ်ရေးနှင့် အရေးပေါ်ဌာနက ဧပြီ ၂၄ ရက်၌ ပြောကြားသည်။

ပျက်ကျ

ယင်းလေယာဉ်ငယ်သည် တောင်ပိုင်း စတိဗရိုပိုဒေသ၏ မြို့စွန်ရှိ လေယာဉ်ပြေးလမ်းနှင့် မီတာ၁၀၀ အကွာအဝေးတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အိုင်တာတက်စ်သတင်းဌာနက အစီရင်ခံတင်ပြခဲ့သည်။

သေဆုံး

လေယာဉ်ပေါ်ပါ လေယာဉ်မှူး ရှိမန်လိုတိဗ်နှင့် ခရီးသည်သုံးဦး သေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးသည် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သောကြောင့် ဆေးရုံသို့ တင်ပို့ပေးခဲ့ရသည်။

ပဏာမစစ်ဆေးမှုများအရ ၎င်းလေယာဉ်ငယ်သည် လောင်စာဆီမပြတ်လပ်မီ ဆင်းရန်ကြိုးပမ်းခဲ့သေးကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တိုနီဘလဲ၏လေဘာပါတီထောက်ခံမှု ကျဆင်း

လန်ဒန် ဧပြီ ၂၆

ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲ၏ အာဏာရလေဘာပါတီသည် လာမည့်လရွေးကောက်ပွဲမတိုင်မီ ၁၉နှစ်အတွင်း ထောက်ခံမှု ကျဆင်းနေကြောင်း ဧပြီ၂၅ရက်က စစ်တမ်းတစ်ရပ်၌ ဖော်ပြသည်။

ဝေဖန်

ဘလဲသည် နိုင်ငံ၏ကျန်းမာရေး ပြုစုစောင့်ရှောက်မှုစနစ်နှင့် ချမ်းသာသော စီးပွားရေးသမားများထံမှ ချေးငွေများ ၎င်း၏ပါတီက လက်ခံနေခြင်းအပေါ် ဝေဖန်ခံနေရသည်။

လေဘာပါတီ၏ ထောက်ခံမှုသည် ၁၉၈၇ခုနှစ် ရွေးကောက်ပွဲပြီးဆုံးပြီးနောက် အနိမ့်ဆုံးသို့ ကျဆင်းခဲ့ကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဦးချိုငါးချောင်းပါသောသိုး

ဦးချိုငါးချောင်း ပါသောသိုးတစ်ကောင်ကို တွေ့ရစဉ်။

(ဝဲပုံ)

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျန်းယူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တိရစ္ဆာန်ဥယျာဉ်တွင် ဦးချိုငါးချောင်းပါသော သိုးတစ်ကောင်ကို တွေ့ရခြင်းဖြစ်သည်။ ယင်းသိုးကို ၂၀၀၅ ခုနှစ်က တိရစ္ဆာန်အုပ် ထိန်းကျောင်းသူ တစ်ဦးထံမှ တိရစ္ဆာန်ဥယျာဉ်သို့ ယူဆောင်လာခြင်းဖြစ်သည်။ ၎င်းသိုးသည် စိတ်ရိုင်းများဝင်နေပြီး အနားသို့ချဉ်းကပ်လာသူများကို ရန်လို တိုက်ခိုက်တတ်ကြောင်း တိရစ္ဆာန်ဥယျာဉ်မှ တာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)

အရပ်ခုနစ်ပေကျော်ခွေး

မတ်ရပ်လိုက်လျှင် အရပ်ခုနစ်ပေကျော်မြင့်သောခွေးကြီးကို ၎င်းအားထိန်းကျောင်းသူနှင့်အတူ တွေ့ရစဉ်။

(ယာပုံ)

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ဂစ်ဆွန် အမည်ရှိ ခွေးတစ်ကောင်သည် နောက်ခြေထောက်နှစ်ချောင်းထောက်၍ မတ်ရပ်လိုက်လျှင် ခုနစ်ပေကျော်ရှိသောကြောင့် အင်န်ဘီအေ ဘတ်စကက်ဘောသမားများထက် အရပ်ပိုမြင့်ခဲ့သည်။ ၎င်းခွေးသည် ဂင်းနက်စ်မှတ်တမ်းစာအုပ်မှ အသိအမှတ်ပြုထားပြီးဖြစ်သည်။

(အင်တာနက်)

27-4 (05).p65 1 1/9/32, 1:31 PM

လေးမြွာပူးကလေးများအောင်မြင်စွာမွေးဖွားပေးနိုင် ဗဟိုအမျိုးသမီးဆေးရုံ၏ဆေးပညာမှတ်တိုင်သစ်စိုက်ထူ

တွေ့ဆုံမေးမြန်းသူ-ဝင်းရွှေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၆

လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်ကတည်းက စတင်တည်ထောင်ခဲ့သော ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် ရင်နှစ်သည်းချာများကို မွေးဖွားသန့်စင်ပေးလျက်ရှိသည်။

ဆေးရုံ၌နှစ်စဉ်တိုင်းလိုလိုသုံးမြွာပူးကလေးများ တစ်တွဲမှ လေးတွဲအထိ ပုံမှန် မွေးဖွားပေးလျက်ရှိရာ ယခုနှစ် ဧပြီဧရက်တွင် လေးမြွာပူး ကလေးများကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သဖြင့် ဗဟိုအမျိုးသမီးဆေးရုံကြီး၏ ဆေးပညာလောကတွင် မှတ်တိုင်သစ်တစ်ခု စိုက်ထူပေးနိုင်ခဲ့ပြီဖြစ်သည်။

တွေ့ဆုံခဲ့

လေးမြွာပူးကလေးများ အောင်မြင်စွာမွေးဖွားပေးသည့်သတင်းကြားသိရ၍ သတင်းဖောက်သည် ချနိုင်ရန်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့ ဗဟိုအမျိုးသမီး ဆေးရုံသို့သွားရောက်ကာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာဆေးရုံအုပ်ကြီးဒေါက်တာရွှေအိုးက ကိုယ်ဝန်ဆောင်မိခင်များသည် ပုံမှန်အားဖြင့် ၃၇ပတ်မှ ၄၂ပတ်ခန့်တွင် မွေးဖွားဖြစ်သော်လည်း ယခုလေးမြွာပူးကလေးများ၏မိခင် မခိုင်နွယ်ဝင်းက ၃၃ပတ်ကျော်ဖြင့် တွဲဖက်ပါမောက္ခ ဒေါက်တာဦးလှမင်း (သားဖွားနှင့် မီးယပ်)အထူးကုဆရာဝန်ကြီး ကိုယ်တိုင် ဦးဆောင်ပြီး အောင်မြင်စွာ မွေးဖွားပေးခဲ့ရကြောင်း၊ နံနက် ၉နာရီ ၃၁ မိနစ်တွင် သုံးပေါင် လေးအောင်စရှိသည့် ပထမဦးဆုံး သားယောကျ်ားလေး မွေးဖွားပြီး ၉နာရီ ၃၂မိနစ်တွင် သုံးပေါင် ၁၂ အောင်စရှိသော ဒုတိယ သားယောကျ်ားလေး၊ ၉နာရီ ၃၃မိနစ်တွင် နှစ်ပေါင် ၁၄ အောင်စရှိ တတိယ သားယောကျ်ားကို မွေးဖွားခဲ့ပြီး ၉နာရီ ၃၄ မိနစ်တွင် နှစ်ပေါင် ၁၂ အောင်စရှိ

ခွဲစိတ်မွေးပေးကြတဲ့ ဆရာဝန်ကြီးများနှင့် ဆရာမများကို အထူးပင်ကျေးဇူးတင်။
လေးမြွာပူးမိခင် မခိုင်နွယ်ဝင်း
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သမီး မိန်းကလေးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ မွေးဖွားမှုနှုန်းသုတေသနပြုချက် အရ မိခင်ပေါင်း ငါးသိန်းတစ်သောင်းနှစ်ထောင်တွင် လေးမြွာပူးတစ်ဦးမွေးဖွားတတ်ကြောင်း၊ မွေးဖွားတိုင်းလည်း အသက်ရှင်ပြီး မွေးဖွားလာဖို့ ခက်ခဲကြောင်း၊ လွန်ခဲ့သည့် ၂၅နှစ်ကျော်အတွင်း လေးမြွာပူး ဤဆေးရုံတွင် မွေးဖွားမှု မရှိခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ကလေးအထူးကု ဆရာဝန် ဒေါ်ခင်ခင်နှင်းနှင့် တွေ့ဆုံရာတွင် ဧပြီ၈ရက် နံနက်၉နာရီ၁၅ မိနစ်တွင် ကလေးဆရာဝန်များ မွေးဖွားခန်းသို့ လာရန်ခေါ်သည့်အတွက် ကျွန်မ

ယောကျ်ားလေးသုံးယောက်နှင့် မိန်းကလေးတစ်ယောက် လေးမြွာပူး ကလေးများနှင့် ပတ်သက်၍ ဆေးရုံအုပ်ကြီး ဒေါက်တာရွှေအိုးက မြန်မာ့ အလင်းသို့ ရှင်းပြစဉ်။
ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

နှင့်အတူ ဒေါက်တာ ခင်မျိုးရီ၊ ဒေါက်တာ မြမြဝင်း လိုက်ပါလာပြီး လိုအပ်သောကုသမှုများပေးခဲ့ကြောင်း၊ ကထိက ဒေါ်အေးအေး သိန်း(ကလေးအထူးကု ဆရာဝန်ကြီး) ကြီးကြပ်မှုဖြင့် ပြုစုပေးလျက်ရှိရာ ယခုအထိ ကလေးများ၏ အခြေအနေ တိုးတက်လျက်ရှိကြောင်းပြောကြားသည်။ အစာအာဟာရနှင့် ပတ်သက်၍ လမပြည့်သော ကလေးများ အတွက် မိခင်နို့တစ်ဆနှင့် အထူးစီမံထားသော နို့မှုန့်တစ်ဆရောစပ်ပြီး ကျွေးမွေးလျက်ရှိကြောင်း၊ မွေးမွေးချင်းပထမနှင့်ဒုတိယ

၁၉ရက်သားအရွယ် လေးမြွာပူး ကလေးများ၏ ခန္ဓာကိုယ်သည် သိသိသာသာ တိုးတက်လာ။
ဒေါက်တာဒေါ်ခင်ခင်နှင်း
(ကလေးအထူးကုဆရာဝန်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကလေးကို အသက်နှင့် ကိုယ်ခန္ဓာ အလေးချိန်လိုက်ပြီး သုံးနာရီတစ်ကြိမ် ကျွေးမွေးခဲ့ကြောင်း၊ ၁ဒသမ၅ ကီလိုဂရမ်အောက်ရှိ တတိယနှင့် စတုတ္ထ ကလေးများကို ဖန်ပေါင်းချောင်ထဲ ထည့်ပြီး မိခင်ဝမ်းတွင်းရှိရမည့် အပူချိန်အတိုင်း ပုံမှန်ဖြစ်အောင် လုပ်ပေးကာအစာမကျွေးသေးဘဲ I.V အကြောဆေးများသွင်းပြီး သုံးရက်မြောက်မှစ၍ နှစ်နာရီတစ်ကြိမ် အသက်နှင့် ခန္ဓာကိုယ် တွက်ချက်ပြီး ကျွေးမွေးကြောင်း၊ ခုနစ်ရက်သားမှစ၍ Grovit Drops အားဆေးတိုက်ကျွေးကြောင်း၊ ဧပြီ ၂၉ ရက် ၁၉ ရက်သားအရွယ် ကလေးများ၏ ခန္ဓာကိုယ်သည် သိသိသာသာ တိုးတက်လာလျက်ရှိကြောင်း၊ ပထမ ကလေး ၁ဒသမ၇၄ ကီလိုဂရမ်၊ ဒုတိယကလေး ၁ဒသမ၉၂ ကီလိုဂရမ်၊ တတိယကလေး ၁ဒသမ၅ ကီလိုဂရမ် နှင့် စတုတ္ထကလေး ၁ဒသမ၅ ကီလိုဂရမ်ထိ မူလအခြေအနေထက်တိုးတက်လာကြောင်း ပြောကြားသည်။

ဆက်လက်၍ မိခင်မခိုင်နွယ်ဝင်းအား မေးမြန်းခဲ့ရာတွင် ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဥသာ၁လမ်းတွင် ခင်ပွန်းဖြစ်သူ ကိုကျော်ဇင်လင်းနှင့် အတူနေထိုင်လျက်ရှိကြောင်း၊ ကိုယ်ဝန်ဆောင်ဘဝတွင် ပဲခူးမြို့ရှိ သားဖွားမီးယပ်ဆရာဝန်များနှင့်ပြသခဲ့ကြောင်း၊ ပဲခူးနှင့်ရန်ကုန်တို့၌ ဓာတ်မှန်ရိုက်ကြည့်သည့်အခါ သုံးမြွာပူးဖြစ်သည်ဟု သိရကြောင်း၊ယခုမွေးဖွားလာသည့်အချိန်ကျမှ လေးမြွာပူးဖြစ်နေ၍ ကျွန်မနှင့်အမျိုးသားတို့ တစ်ယောက်နှစ်ဦးစီ မျှဝေပွေ့ချီရတော့မည်ဖြစ်ကြောင်း၊ ယခုမွေးဖွားသည့်ကလေးများမှာပထမဦးဆုံး သားသမီးရတနာ ဖြစ်ကြောင်း၊ ထို့ပြင် ဝိုင်းဝန်းကုသ မွေးဖွားပေးကြသည့် ဆရာဝန်ကြီးများကို အထူးပင် ကျေးဇူးတင်ကြောင်း ပြောပြသည်။

လေးမြွာပူးကလေးများ၏ကုသိုလ်သည်လည်း ကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ ယခုကဲ့သို့ ဆေးရုံကြီးတွင်အထူးကုဆရာဝန်ကြီးများ၊ကုသမှုနည်းပညာဖွံ့ဖြိုးမှုနှင့်ကိုယ်ဝန်ဆောင်မိခင်ဘဝ အနီးကပ် ကျန်းမာရေးစစ်ဆေးကုသခံယူမှုကြောင့်လွယ်လွယ်ကူကူ မွေးဖွားနိုင်ခဲ့ခြင်းဖြစ်သည်။ မွေးမွေးချင်းဆေးလူမှုဆက်ဆံရေးဌာန ဗဟိုအမျိုးသမီးဆေးရုံမှ ကလေးအသုံးအဆောင်ပစ္စည်းများ လှူဒါန်းခဲ့သည်။

လှူဒါန်းခဲ့

ထို့အပြင် မြန်မာနိုင်ငံအမျိုးသမီးရေးရာနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း လိုအပ်သော အကူအညီများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ယောကျ်ားလေးသုံးယောက်နှင့် မိန်းကလေးတစ်ယောက် လေးမြွာပူး ကလေးများအား ဤသို့ကျန်းမာစွာဖြင့် တွေ့ရသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

၁၀ ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြို့သစ်ဓမ္မာရုံကျောင်းတိုက်တွင် မေ ၆ ရက်မှ ၁၅ ရက်အထိ သရက်မြို့ အလင်းရောင်ကျောင်းဆရာတော် ဘဒ္ဒန္တကုသလမဟာထေရ်နှင့် မြို့သစ်ဓမ္မာရုံကျောင်း ပဓာနနာယကဆရာတော် (မဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တပညာဝရဆရာတော်တို့၏ ဦးဆောင်မှုဖြင့် အဌမအကြိမ်မြောက် မဟာစည်မဟာသတိပဋ္ဌာန်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများသည် အင်းစိန်မြို့ ဘုရင့်နောင်လမ်း မြို့သစ်ဓမ္မာရုံကျောင်းသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး မေ ၅ ရက် ညနေ ၆ နာရီအရောက် လာရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

လကမ္ဘာတွင်လူသားများ အခြေချနေထိုင်နိုင်ရေး လေ့လာရေးမစ်ရှင် ၂၀၀၉ခုနှစ်တွင်စေလွှတ်မည်ဟုဆို

နာဆာအဖွဲ့က ၂၀၀၉ ခုနှစ်တွင် လကမ္ဘာသို့ လေ့လာရေး အာကာသယာဉ် စေလွှတ်ရန် စီစဉ်နေကြောင်း အဆိုပါ အာကာသအေဂျင်စီက ဧပြီ၂၃ ရက်၌ ပြောကြားလိုက်သည်။

အော်ဘစ်တာယာဉ်

လကမ္ဘာ လေ့လာရေးမစ်ရှင်သည် ကြီးမားသော မစ်ရှင်တစ်ခုဖြစ်ပြီး လကမ္ဘာပတ်လမ်းကြောင်းကို လေ့လာမည့်အော်ဘစ်တာယာဉ်လည်း ပါဝင်မည်ဟုဆိုသည်။

အဆိုပါ အော်ဘစ်တာ ယာဉ်က အနာဂတ်တွင် လူသားများ လကမ္ဘာတွင် အခြေချ နေထိုင်နိုင်ရေးအတွက် ရေခဲများရှိမရှိကို ရှာဖွေစမ်းသပ်သွားမည်ဖြစ်ကြောင်း၊ ရေခဲရှိလျှင် ရေအဖြစ် ဖန်တီးနိုင်သဖြင့် အနာဂတ်တွင် လကမ္ဘာ၌ လူသားများ အခြေချနေနိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ဆိုထားသည်။

သရုပ်ဖော်တင်ပြ

ဖော်ပြပါ ပုံမှာ လကမ္ဘာ၏ တောင်ဝင်ရိုးစွန်းတွင် အာကာသယာဉ် လေ့လာပျံသန်းနေပုံကို ပန်းချီဆရာက ကွန်ပျူတာဖြင့် သရုပ်ဖော်တင်ပြထားခြင်းဖြစ်သည်။

လကမ္ဘာ လေ့လာရေးယာဉ် ကိုလီးရှင်းနှင့် အော်ဘစ်တာတို့သည် ၂၀၁၈ ခုနှစ်တွင် လကမ္ဘာတွင် အာကာသယာဉ်မှူးများ သွားရောက်ခြင်း မတိုင်မီ ပထမဆုံး စက်ရုပ် လေ့လာရေး စီမံကိန်း တစ်ရပ်ဖြစ်သည်ဟုဆိုသည်။

အဆိုပါ လကမ္ဘာလေ့လာရေး စက်ရုပ်ယာဉ်များပါဝင်သည့် မစ်ရှင်အဖွဲ့ကို ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

စေလွှတ်သွားမည်

ယင်းလေ့လာရေး စက်ရုပ်ယာဉ်နှစ်စင်းကို ဒုံးပျံတစ်စင်းက သယ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အော်ဘစ်တာ စက်ရုပ်ယာဉ် လကမ္ဘာကို အနည်းဆုံး တစ်နှစ်ကြာလှည့်ပတ်လျက် လမျက်နှာပြင် မြေပုံကို ရိုက်ကူးကာ ရေရှာဖွေမည်ဖြစ်ပြီး အလားအလာကောင်းသော နေရာတွင် အာကာသယာဉ်မှူးများ အနာဂတ်၌ စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)



အင်တာနက်သတင်းဓာတ်ပုံ

ကမ္ဘာ့ရှေးအကျဆုံးဘောလုံး

စကော့တလန်နိုင်ငံ စတယ်ယာလင်း ရှေးဟောင်းပြတိုက်၌ ကမ္ဘာ့ ရှေးအကျဆုံးသောဘောလုံးကို ပြခန်းတာဝန်ရှိသူ မိုက်ကယ်မက်ဂျီးနက်စ်က ပြသနေစဉ်။(ဝဲပုံ)

အဆိုပါ ဘောလုံးသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ခန့်က ပြုလုပ်ခဲ့သည့် ဘောလုံးဟုယူဆထားကြသည်။ ၎င်းဘောလုံးကို ဖီဖာကမ္ဘာ့ဖလား ကျင်းပရေးအဖွဲ့က ခေတ္တငှားရမ်းခဲ့သဖြင့် အဆိုပါပြတိုက်မှ ကမ္ဘာ့ ရှေးအကျဆုံး ဘောလုံးကို ဧပြီ၂၆ရက်တွင် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပရာ ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့သို့ ပြသထားရန်အတွက် ယူဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

လူငယ်ထုတစ်ရပ်လုံး အိုင်တီနည်းပညာရပ် ပိုမိုအာရုံစိုက်စိတ်ဝင်စား အိုင်တီနည်းပညာသုံး နောက်ဆုံးပေါ် ပစ္စည်းများကို လက်တွေ့ဆည်းပူးနိုင်

✡ ကျော်ဖုံးမှ

ပါဝင်ပြသမည့် အိုင်တီနည်းပညာသုံး ပစ္စည်းများကို ပြည်သူတို့ တစ်ဝကြီး လေ့လာ ကြည့်ရှုရပေတော့မည် ဖြစ်သည်။

ဦးစားပေးပြသခဲ့

ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ တွင် ပါဝင်ပြသမည့် ပြခန်းများတွင် FISCAပြခန်းလည်း ပါဝင်မည်ဖြစ်ရာ FISCA အနေဖြင့် ပြခန်းတွင် ခင်းကျင်းပြသနိုင်ရန် စီစဉ်နေပြီဖြစ်သည်။ FISCAသည် မြန်မာ အိုင်စီတီ ရက်သတ္တပတ်များ စတင် ခင်းကျင်းပြသခဲ့သည့် အချိန်မှစတင်က နှစ်စဉ် အကြိမ်တိုင်းပါဝင်ပြသခဲ့ခြင်းဖြစ်ပြီး အထူးသဖြင့် အိုင်တီ နည်းပညာသုံး လုံခြုံရေးနှင့် ဆက်သွယ်ရေးပစ္စည်းများကို ဦးစားပေးပြခဲ့သည်။

ယခု ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ တွင် ယခင် အကြိမ်များကထက် အိုင်တီနည်းပညာ ပိုမိုမြင့်မားသည့် ပစ္စည်းများကို ပြသမည်ဖြစ်ရာ KY-1000 Public Exchange (တယ်လီဖုန်းအိတ်ချိန်းစက်များ)၊ Single Line Telephone (Gaoxingi) ရိုးရိုးတယ်လီဖုန်းများ၊ လုံခြုံရေး ရုပ်မြင်ကင်မရာ (CCTV Camera)များ၊ အဝင်အထွက် လုံခြုံရေးစနစ်သုံး (ACCESS Control System)ပစ္စည်းများ၊ Walkthrough Metal Defecter, Handheld Metal Defector (Security Device) များကို ပြသမည်ဖြစ်သည်။

ထိရောက်သောဝန်ဆောင်မှု

Walkthrough Metal Defecter, Handheld Metal Defector (Security Device)များသည် ပြခန်းများ၊ အဆောက်အအုံများ၊ စူပါမတ်ကက်များ၊ ဈေးများတွင် လုံခြုံရေးအရ စစ်ဆေးရှာဖွေသည့် ခေတ်မီနည်းပညာသုံး ပစ္စည်းဖြစ်သည်။ လက်တွေ့တွင် ထိရောက်သော ဝန်ဆောင်မှုကို ပေးစွမ်းနိုင်သည့်ပစ္စည်းများဖြစ်ရာ အသုံးဝင်လှပေသည်။

FISCA အနေဖြင့် ပြည်တွင်းထုတ် အိတ်ချိန်းများကို မြန်မာကျပ်ငွေဖြင့် လွယ်ကူစွာဝယ်ယူနိုင်ရန်လည်း စီစဉ်ပေးထားသည့်အပြင် ပြပွဲကာလအတွင်း တယ်လီဖုန်းအလုံး ၁၀၀ ကို အထူးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ထို့အပြင် အိုင်တီနည်းပညာသုံး လုံခြုံရေးပစ္စည်းများကို ပြည်သူများ သိရှိနားလည်အောင်လည်း ပြခန်းတွင် ရှင်းလင်းပြသပေးမည်ဖြစ်ပြီး လက်တွေ့ အသုံးပြုနိုင်အောင်လည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

ဗဟုသုတရဖွယ်

ခေတ်မီဆန်းသစ်သော လုံခြုံရေးဆိုင်ရာ ပစ္စည်းများကို ပြပွဲကာလအတွင်း ပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်၊ အသုံးပြုတတ်စေရန်အတွက် ဝန်ဆောင်မှုများပေးသွားမည်ဖြစ်ပြီး ပစ္စည်းတစ်ခုချင်းအလိုက် အသေးစိတ် ရှင်းလင်းပြောကြားပေးသွားမည်ဖြစ်ရာ အိုင်တီနည်းပညာသုံး လုံခြုံရေးပစ္စည်းများနှင့် ပတ်သက်ပြီး ဗဟုသုတရဖွယ်ပင် ဖြစ်သည်။

ပြပွဲကာလအတွင်းFISCAပြခန်းတွင် ခေတ်မီနည်းပညာသုံးပစ္စည်းများကို အထူးဈေးနှုန်းများဖြင့်လည်း ရောင်းချပေးသွားမည်ဖြစ်ရာ အမှန်တကယ် အသုံးပြုလိုသူများအတွက် အကြိုက်တွေ့စေမည်ဖြစ်သည်။ ပြပွဲလာ ပြည်သူများအနေဖြင့် ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် အသုံးပြုနေသည့် အိုင်တီနည်းပညာသုံး နောက်ဆုံးပေါ် လုံခြုံရေးကိရိယာများကို မျက်မြင်လေ့လာနိုင်မည်ဖြစ်ရာ နည်းပညာဆိုင်ရာ အသိများ တိုးပွားစေမည်ဖြစ်သည်။

နောက်ဆုံးပေါ်ပစ္စည်း

ထို့အတူပင် ပဉ္စမအကြိမ် မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာ ရက်သတ္တပတ်တွင် ခင်းကျင်းပြသမည့် အိုင်တီနည်းပညာသုံး နောက်ဆုံးပေါ် ပစ္စည်းများကို ပြည်သူလူထုအား မိတ်ဆက်တင်ပြရာတွင် Lucky Bird Co.,Ltd. အနေဖြင့် အိုင်တီ နည်းပညာသုံး Pentium-4 LGA-775 Technology သုံး ကွန်ပျူတာများ၊ Toshiba, Note Book, Projector, Digital Cameras, Life Style Products, Internet ချိတ်ဆက်ပစ္စည်းများ၊စက်ရုံသုံးလုပ်ငန်းကြီးများသုံး Powerware UPSကြီးများ၊ Video Conferencing System၊ LCD Monitors များ၊ Accessories ပစ္စည်းများကို အများပြည်သူတို့အား ခင်းကျင်းပြသမည် ဖြစ်သည်။

ထို့အပြင် ပြပွဲကာလအတွင်း အထူးဈေးနှုန်းများ သတ်မှတ်ကာ အိုင်တီနည်းပညာသုံး ပစ္စည်းများ လူတိုင်းသုံးစွဲနိုင်အောင် ရောင်းချပေးမည်ဖြစ်သည်။ ထူးခြားသည်မှာ ပြပွဲကာလအတွင်း အင်တာနက်သုံးစွဲမှုနှင့် ပတ်သက်ပြီး အခြေခံနည်းစနစ်များကို အခမဲ့သင်ကြားပေးသွားမည်ဖြစ်သည်။

ဗလာမပါ ကံစမ်းမဲ

လူငယ်များနှင့် ကျောင်းသားကျောင်းသူများအတွက် အထူးအစီအစဉ်အဖြစ် အိုင်တီနည်းပညာဆိုင်ရာ ပညာရပ်များကိုလည်း မိတ်ဆက်ပေးသွားမည်ဖြစ်ပြီး ပြပွဲလာရောက်သူများ၊ အိုင်တီနည်းပညာသုံးပစ္စည်း ဝယ်ယူသူများကို ဗလာမပါ ကံစမ်းမဲများ ပြုလုပ်ပေးသွားရန်လည်း Lucky Bird Computer က စီစဉ်ထားသည်။

ပဉ္စမအကြိမ် မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာ ရက်သတ္တပတ်တွင် ပါဝင်ပြသမည့် KMD ကလည်း အိုင်တီနည်းပညာသုံးပစ္စည်းအမျိုးအစားပေါင်း ၃၅၀ ခန့် ခင်းကျင်းပြသသွားမည်ဖြစ်သည်။ KMDသည် ပထမအကြိမ်မှ ယခု ပဉ္စမအကြိမ် မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာ ရက်သတ္တပတ်အထိ ဆက်တိုက် ပါဝင်ပြသခဲ့ခြင်း ဖြစ်သည်။

မိသားစုသုံး ကွန်ပျူတာ

KMD အနေဖြင့် ပဉ္စမအကြိမ် မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာ ရက်သတ္တပတ်ပြပွဲတွင် အဓိကအားဖြင့် နောက်ဆုံးပေါ် နည်းစနစ်များ အသုံးပြုထားသည့် မိသားစုသုံး ကွန်ပျူတာများကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး Printer အသစ်များ၊ Projectors များ၊ အင်တာနက်ချိတ်ဆက်ပစ္စည်းများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများကိုလည်း အများပြည်သူတို့အား ပြသသွားမည်ဖြစ်သည်။

ထို့အပြင် ကွန်ပျူတာများ အမျိုးအစားဖြစ်သည့် Basic Model, Classic Model, Innouator Model, Premium Model များကိုလည်း အများပြည်သူတို့အား လက်လှမ်းမီသည့် နှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

အောင်မြင်မှုများရရှိ

လူငယ်များအနေဖြင့် အိုင်တီနည်းပညာသုံးပစ္စည်းများကိုလက်တွေ့လေ့လာဆည်းပူးနိုင်ပြီး ဗဟုသုတရရှိနိုင်မည့် အခွင့်အရေးတစ်ရပ်ဖြစ်သော မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာရက်သတ္တပတ်များ ခင်းကျင်းပြသလာခဲ့သည်မှာ ပဉ္စမအကြိမ်အထိ ရှိခဲ့ပြီဖြစ်ရာ အောင်မြင်မှုများလည်း ရရှိခဲ့သည်။

မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာ ရက်သတ္တပတ်များ ခင်းကျင်းပြသခြင်းကြောင့် လူငယ်ထုတစ်ရပ်လုံး အိုင်တီနည်းပညာရပ်အပေါ် ပိုမိုအာရုံစိုက်စိတ်ဝင်စားစေပြီး ဗဟုသုတ တိုးပွားစေသည့်အပြင် အိုင်တီနည်းပညာသုံး နောက်ဆုံးပေါ် ပစ္စည်းများကို လက်တွေ့ လေ့လာဆည်းပူးနိုင်ကြပြီဖြစ်သည်။

ထို့ကြောင့် ပဉ္စမအကြိမ် မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာရက်သတ္တပတ်သည်လည်း အိုင်တီနည်းပညာ၏ ဆန်းသစ်မှုများ၊ နောက်ဆုံးပေါ် အိုင်တီနည်းပညာသုံး ပစ္စည်းများကို ယခင်အကြိမ်များထက် ထူးထူးခြားခြား တွေ့မြင်လေ့လာနိုင်ကြမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

KMD က ခင်းကျင်းပြသမည့် Micro Lab တံဆိပ် Speaker များ။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ တွင် FISCA မှ ခင်းကျင်းပြသမည့် အိုင်တီနည်းပညာသုံးပစ္စည်းများ။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပဉ္စမအကြိမ် မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာ ရက်သတ္တပတ်တွင် Lucky Bird ကွန်ပျူတာမှ ခင်းကျင်းပြသမည့် အိုင်တီနည်းပညာသုံး Toshiba Note Book များ။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပဉ္စမအကြိမ် မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာ ရက်သတ္တပတ်တွင် KMD မှ ခင်းကျင်းပြသမည့် မိသားစုသုံး ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

KMD က ခင်းကျင်းပြသမည့် HP Laserjet 3050 (4 in 1) Printer ကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရ ဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၃၀-၄-၂၀၀၆)ရက်နေ့

၂၀၀၆ ခုနှစ် မေလအတွက်

(၁၄-၅-၂၀၀၆)ရက်နေ့

နှင့်

(၂၈-၅-၂၀၀၆)ရက်နေ့

စိုက်ပျိုးရေပေးဝေသော ဆည်ကန်ရေများ အကျိုးရှိစွာအသုံးပြု လုပ်ငန်းများ စံချိန်စံညွှန်းမီစွာ သတ်မှတ်ချိန်ပြီးစီးရေးဆောင်ရွက်

ရန်ကုန် ဧပြီ ၂၆

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၀ ရက် နံနက် ၈နာရီခွဲတွင် စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာအုပ်စု ကွင်းအမှတ် ၅၂ သို့ ရောက်ရှိကြသည်။

တိုင်းမှူးနှင့် အဖွဲ့သည် ကွင်းအမှတ် ၅၂ ရှိ စိုက်ဧက ၅၀ တွင် မိုးကြို ချည်မျှင်ရှည်ဝါ ငွေချည်(၂) မျိုးများ စိုက်ပျိုးထားရှိမှု၊ စပေါင်းပေါင်းလိုက်မြေတောင်မြှောက်မှုနှင့် အပင်များ ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးနိုင်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဝါစိုက်ပျိုးရေးစခန်း ရှင်းလင်းဆောင်တွင် ဝါအမျိုးအစားအလိုက် ထွက်ရှိသောဝါများ၏ အရှည်အသွေးများ၊ ဝါစေ့ကြိတ်ဖက်ထွက်ကုန်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးအား မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း မန္တလေးတိုင်းမန်နေဂျာ ဦးမြင့်ဆွေက မန္တလေးတိုင်းတွင် ၂၀၀၅-၂၀၀၆ ခုနှစ်က မိုးကြိုချည်မျှင်ရှည်ဝါ ၂၈၃၈၆ ဧက စိုက်ပျိုးခဲ့ရာမှ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စိုက်ပျိုးရန်ဧက ၂၉၈၀၀ လျာထားခဲ့ပြီး ၃၂၀၀၄ ဧက စိုက်ပျိုးနိုင်ခဲ့၍ ယမန်နှစ်ကထက် ၃၆၁၈ ဧက တိုးတက်စိုက်ပျိုးနိုင်မှုကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လျာထားဧကထက်လျော့နည်းစိုက်ပျိုးသော ခရိုင်၊ မြို့နယ်များအား သတ်မှတ်လျာထားချက် ပြည့်မီအောင် စိုက်ပျိုးသွားရန် မှာကြားသည်။

ကျောက်ဆည်ခရိုင်၌ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးရန် ဧက ၁၅၅၀၀ လျာထားရာမှ ၁၅၅၉၅ဧက ၁၀၀ဒသမ၆၁ ရာခိုင်နှုန်းစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အကျိုးရှိစွာအသုံးပြု

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် စဉ့်ကိုင်မြို့နယ် တောမကျေးရွာအုပ်စု ကွင်းအမှတ် ၁၁၀သို့ရောက်ရှိကြပြီး နွေစပါးစိုက်ကွင်းဧက ၅၀၀ ၌ မနောသုခမျိုးသန့်ဧက ၂၀၀ စိုက်ပျိုးထားရှိမှုနှင့် စပေါင်းဓာတ်မြေဩဇာ ကြဲပက်မှုတို့အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဓာတ်မြေဩဇာများသတ်မှတ်နှုန်းထားအတိုင်း စနစ်တကျအသုံးပြုပါက သီးနှံများ အထွက်နှုန်း တိုးစေပြီး တောင်သူများအနေဖြင့်လည်း ဝင်ငွေတိုးတက်ကြမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေပေးဝေသော ဆည်၊ ကန်ရေများအားလည်း လေလွင့်ဆုံးရှုံးမှုမရှိဘဲ အကျိုးရှိစွာ အသုံးပြုသွားရန် မှာကြားသည်။

ကျောက်ဆည်ခရိုင်တွင် ၂၀၀၄-၂၀၀၅ခုနှစ်တွင် နွေစပါး ၆၁၀၅၅ ဧက စိုက်ပျိုးခဲ့ရာမှ ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါးစိုက်ပျိုးရန် ၆၅၈၀၃ ဧကလျာထားရာမှ ၆၇၀၃၂ဧက (၁၀၁ ဒသမ ၈၅)ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပြီး ယမန်နှစ်ကထက် ၅၉၇၇ဧက တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စံချိန်စံညွှန်းမီ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာအနီးရှိ သစ်တက်ကုန်းရေလွှဲဆည်သို့ ရောက်ရှိကြပြီး သစ်တက်ကုန်းရေလွှဲဆည် တစ်ပေမြှင့်တင်ခြင်း **(အပေါ်ပုံ)**နှင့် သစ်သား ရေတံခါးတုံးများတပ်ဆင်ခြင်းလုပ်ငန်းအတွက် ရေခေါ်မြောင်းတူးဖော်ခြင်းလုပ်ငန်း၊ ယာယီ ရေတားတမံ(၁)နှင့် (၂)တို့ မြေဖို့ပြီးစီးမှုနှင့် ရေလွှဲဆည်တမံတွင် U-Channelစိုက်ထူခြင်းနှင့် သံကူကွန်ကရစ်လောင်းရန် ပြင်ဆင်ဆောင်ရွက်မှုတို့အား ကြည့်ရှုစစ်ဆေး၍ တိုင်းမှူးက တာဝန်ရှိသူများအား လုပ်ငန်းများ စံချိန်စံညွှန်းမီစွာဖြင့် သတ်မှတ်ချိန်ပြီးစီးရေး မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် ရေလွှဲဆည် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တိုင်းမှူးအား မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက သစ်တက်ကုန်း ရေလွှဲဆည်တစ်ပေမြှင့်တင်ခြင်းနှင့် သစ်သား ရေတံခါးတုံးများ တပ်ဆင်ခြင်းကြောင့် ရေပိုမို လွှဲပေးနိုင်မည့် အခြေအနေများအား လည်းကောင်း၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက ပျူကန်၊ သူငယ်တော်ကန်နှင့် ဆီဆုံကန်များ ရေဝင်ရောက်ထိန်းသိမ်းထားရှိမှု အခြေအနေများအားလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားပြီး ဆီဆုံကန်ပြုပြင်မွမ်းမံရန်အတွက် တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၆ (ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	လှပစွာ ဖူးပွင့်လာသော ပန်းသစ်လေး
၇:၃၀	တေးဂီတအစီအစဉ်
၇:၃၅	၂၀၀၅ ခုနှစ် အကောင်းဆုံးအားကစားသမားများချီးမြှင့်ပွဲ အခမ်းအနား
၈:၀၅	ဒီဇိုင်းယဉ်ကျေးမှု
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	ပြည်တွင်းသတင်းအကျဉ်း
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	ဂက်(စ်) မီးဖိုနှင့် ဖြစ်တတ်သော အန္တရာယ်များ
၈:၃၅	ကန်တော်ကြီး ရေချိုငါးဥယျာဉ် (အပိုင်း-၁)
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၀	သီးနှံဖျက်ပိုးများကို ထိရောက်စွာ ကာကွယ်နှိမ်နင်းနည်းများ (အပိုင်း-၁)
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀	ဆရာကြီး ဦးလွန်းကြွယ်၏ စိန်ရတုမွေးနေ့ ပန်းချီပြပွဲ
၁၁:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	သံချည်သံကွေးအတတ်ပညာ (အပိုင်း-၂)
၁၁:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အီကလဲယား မုန့်လုပ်နည်း)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၂၇-၄-၂၀၀၆ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓမ္မ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀	၆။	အဆိုပြိုင်ပွဲ
၈:၀၅	၇။	အကပဒေသာ
၈:၁၅	၈။	အတီးပြိုင်ပွဲ
၈:၂၀	၉။	ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Let's Go
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Ues
၁၆:၄၀	၄။	တေးဂီတအစီအစဉ်
၁၆:၅၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၁၅	၇။	အတီးပြိုင်ပွဲ
၁၇:၂၅	၈။	တေးဂီတအစီအစဉ်
၁၇:၃၅	၉။	အကပြိုင်ပွဲ
၁၇:၄၀	၁၀။	**"ရောင်ပြန်ဟပ်ခြင်း"** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၄၅	၁၁။	နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၀၀	၁၂။	ညနေခင်းသတင်း
၁၈:၃၀	၁၃။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၄။	အရေးပြိုင်ပွဲ
၁၈:၄၅	၁၅။	တေးဂီတအစီအစဉ်
၁၉:၀၀	၁၆။	မြန်မာမှုပန်းဆယ်မျိုး(ပန်းယွန်း)
၁၉:၀၅	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း-၃)
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"** (အပိုင်း-၂၅) [ဇာတ်သိမ်းပိုင်း]
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၆

၂၀၀၆ခုနှစ် မတ် ၁၃ရက်၌ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ရရှိတော်မူထားသည့် ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တသောဘိတ မထေရ်မြတ်ကြီးအား (၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်)မေ ၁၄ ရက်(တနင်္ဂနွေနေ့)တွင် ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်၌ တပည့်ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ ပူဇော်ပွဲသဘင်ဆင်ယင်ကျင်းပသွားမည်ဖြစ်ရာ ပါဝင်ပူဇော်နိုင်ကြစေရန် တပည့်အပေါင်းတို့အား ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ရှင်သာမဏေဓမ္မဗိမာန် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပိဋကတ်တော် မြန်မာပြန်သင်တန်း

ရန်ကုန် ဧပြီ ၂၆

ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့၏ ၂၀၀၅ခုနှစ်အတွက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် (စတုတ္ထအကြိမ်) ပိဋကတ်တော်မြန်မာပြန်သင်တန်းအောင်လက်မှတ်ပေးအပ်ပွဲကို ဧပြီ ၃၀ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၁နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်၌ကျင်းပမည်ဖြစ်၍ အသင်းသားများနှင့် ပိဋကတ်သင်တန်းအောင်မြင်သူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ထို့အပြင်(ပဉ္စမအကြိမ်)မြောက် နိကာယ်ငါးရပ် ပိဋကတ်တော်မြန်မာပြန်သင်တန်းကို မေ၆ရက်မှ အပတ်စဉ်(စနေ၊တနင်္ဂနွေနေ့တိုင်း) နံနက် ၈ နာရီမှစ၍ ပိဋကတ်ပညာရှင်ဆရာကြီးကိုယ်တိုင် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ တက်ရောက်လိုသူများသည် ရှင်သာမဏေဓမ္မဗိမာန် ဖုန်း-၃၈၇၃၆၁ သို့ စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်မြို့ တာမွေမြို့နယ် မြန်မာ့ရွှေသရဖူကုမ္ပဏီ ၁၆၅လမ်း အမှတ် ၄၇နေ ဦးကျော်ဝင်း-ဒေါ်မြသီဂီ၊ သမီးလေး မမေသီရိကျော်ဝင်း၏(၁၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပုပ္ပားစကားဝါမြေဆရာတော် နှစ်ဦးတရားပွဲများ

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃) ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက်၏နာယက စာချသာသနာပြု နယ်လှည့် ဓမ္မကထိက ပုပ္ပားစကားဝါမြေဆရာတော် ဘဒ္ဒန္တပညာဝံသသည် ဧပြီ၂၇ရက်နှင့် ၂၈ရက်တို့တွင် ရွှေပြည်သာမြို့နယ် (တ/၁၅) ရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံ၊ ဧပြီ ၃၀ရက်၌ မြောက်ဥက္ကလာပမြို့နယ်(က)ရပ်ကွက် မေယုလမ်းမိသားစု၏ ဓမ္မသဘင်၊ မေ၁ရက်နှင့်၂ရက်တို့တွင် သာကေတမြို့နယ် ရန်ပြေ (၃)ရပ်ကွက် မာဃဆွမ်းလောင်းအသင်း ဓမ္မာရုံနှင့် မေ ၁၃ရက်တွင် တိုက်ကြီးမြို့နယ် စပါးကိုင်းကျေးရွာ ရဟန်းခံပွဲတို့၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ်(၃၆) ၅၁လမ်း သုခလမ်း လှိုင်မြို့နယ်နေ ဦးစန်းဟိန်း-ဒေါ်စိန်မြင့်၊ သမီး မသီတာစန်း၊ သား မောင်ရန်နိုင်ဟိန်းတို့က အက်ဖ်အီးစီ ၁၅၀ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံသို့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၆ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သည့် ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဗု(ခ်)ဒရာ ကိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တွေ့ဆုံမှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် သင်တန်းဖွင့်ပွဲ၌ အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၆

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဧပြီ ၂၅ ရက်တွင် နေပြည်တော်မြို့တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၌ ကျင်းပသော Government Online System (GOS) Course (01/06-07) (အချိန်ပြည့်) သင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ရုံးဌာနအသီးသီး၌ Onlineစနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်ပို့ချသည့် သင်တန်းဖြစ်ကာ သင်တန်းသား သင်တန်းသူ ၆၄ ဦးတို့ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

သင်တန်းဖွင့်ပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် သင်တန်းခန်းမနှစ်ခုသို့ သွားရောက်၍ သင်တန်းအထောက်အကူပြု ကွန်ပျူတာစနစ်များ တပ်ဆင်ထားရှိမှုအခြေအနေနှင့် သင်တန်းပို့ချမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရုံးအဆောက်အအုံအတွင်း ဖွင့်လှစ်ထားသော e-Library ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

မျိုးသန့်မျိုးပွားစံပြဧက ၁၀၀ စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းတာဝန်ခံများအား လိုအပ်သည်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ နားဖကျေးရွာအနီး အမှတ်(၃)ကုန်းမြင့်ယာမြေ တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူမျိုးသန့်မျိုးပွား ဧက၁၀၀၀စိုက်ခင်းသို့လည်းကောင်း၊ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ ခြံစည်းရိုးကြက်ဆူ စံပြဧက ၁၀၀၀ စိုက်ခင်းသို့လည်းကောင်း၊ လားရှိုးမြို့အထွက် ဟိုပိတ်ကျေးရွာအနီး နယ်မြေခံတပ်ရင်း၏ခြံစည်းရိုး ကြက်ဆူစံပြဧက ၁၀၀စိုက်ခင်းသို့လည်းကောင်း၊ လားရှိုးတပ်နယ် နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုး ကြက်ဆူစံပြ ၁၀ ဧကစိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းတာဝန်ခံများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဆက်လက်ရှင်သန်အောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ဧပြီ ၂၃ ရက်တွင် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကိုလည်းကောင်း၊ ဧပြီ ၂၄ ရက်တွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

စေတနာထားလုပ်ဆောင်

ယင်းသို့ဒုတိယဝန်ကြီးက ဝန်ထမ်းများအား မှာကြားရာတွင် မိမိတို့သည် နိုင်ငံတော်၏ သိသင့်သိထိုက်သည်များ၊ ရှောင်ရန်၊ ဆောင်ရန်ကိစ္စရပ်များကို ပြည်သူသို့ အချိန်မီသိရှိရေး ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ပြည်သူများ၏ ယုံကြည်အားထားမှုရမှသာ လုပ်ငန်းများ ထိရောက်အောင်မြင်မည် ဖြစ်ကြောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအားလုံး ဖွင့်လှစ်ပြီးဖြစ်၍ ဆက်လက်ရှင်သန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အခက်အခဲများရှိပါက ဒေသအာဏာပိုင်များထံ တင်ပြဆောင်ရွက်သွားကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိရောက်ရာဒေသတွင် မိမိဒေသကဲ့သို့ စေတနာထားလုပ်ဆောင်သွားပါက လုပ်ငန်းများအောင်မြင်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

ဓမ္မသာကစ္ဆာအဖွဲ့ချုပ် ဩဝါဒခံယူ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော် (စနေထောင့်) ရွှေတောင် ငွေတောင် တန်ဆောင်းရှိ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၃၁)ကြိမ်မြောက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပူဇော်ပွဲ၊ (၂၃)ကြိမ်မြောက် အဘိဓမ္မာဂုဏ်ထူးဆောင်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ၏ စာအောင်ဆုနှင်းပွဲ၊ ခုနစ်ကြိမ်မြောက် အသက်(၇၅)နှစ်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲနှင့် အဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးတို့ကို မေ ၇ရက် နံနက်၈နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲများကျင်းပ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်း ဖွင့်လှစ်သော ယဉ်ကျေးလိမ္မာသင်တန်းမှ သင်တန်းသူလေးများအား အသိပညာပေး ဟောပြောပွဲများကို ဧပြီ ၂၄ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြော

ဟောပြောပွဲတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်ထူးထူးအောင်က "ယဉ်ကျေးလိမ္မာ ပညာရှာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမျိုးသားစာပေဆုရှင် စာရေးဆရာမ မစန္ဒာက "စည်းကမ်းဟူသည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခဒေါက်တာတင်တင်ထွန်းက "ဘဝအတွက် ခံယူချက်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်လှက "ဘဝတွက်တာ ကျွမ်းကျင်စရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြကြည်က "မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ ဆုံးမစကား" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှာရန်ရာနှုန်း ၆၀

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကသာခရိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး

ရန်ကုန် ဧပြီ ၂၆

ကသာခရိုင်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုနှင်းပွဲနှင့် နှစ်ပတ်လည်ခုနစ်မြို့နယ်မိသားစုမိတ်ဆုံပွဲကို မေ ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားတောင်ဘက်မုခ် သစ်လုပ်ငန်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်မိသားစုများ၏ အသက်(၇၅)နှစ်ပြည့် ကန်တော့ခံ ဘိုးဘွားများစာရင်းနှင့် ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရသည့် သားသမီးများစာရင်းကို ဦးစိုးနိုင်(ဥက္ကဋ္ဌ) ဖုန်း-၆၆၃၀၀၄၊ ဦးညွန့်ဦး (ဒုတိယ-ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၁၂၅၅၇၊ ဒေါ်ခင်ပြုံး ဖုန်း-၅၇၂၈၁၀၊ ဦးဖေတင် ဖုန်း-၅၀၂၀၀၅၊ ဒေါ်ညွန့်ညွန့်ရွှေ ဖုန်း-၆၆၃၆၄၁၊ ဒေါ်မာမာထူး ဖုန်း-၅၇၁၆၈၂၊ ဦးအောင်ဝင်း(အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၁-၀၇၃၅တို့သို့ စာရင်းပေးပို့ကြရန်နှင့် အသင်းဝင်သည်ဖြစ်စေ၊မဝင်သည်ဖြစ်စေ ရန်ကုန်တွင်ရှိနေကြသည့် ခုနစ်မြို့နယ် နယ်သူနယ်သားများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ (က-ပ)

ဧပြီ ၂၃ ရက်က ထောက်ကြံ့မြို့ ဈေးပိုင်းနေ မြဘုရင်နို့ဆီနှင့် ရွှေသန်းစားသောက်ဆိုင်ပိုင်ရှင် ဦးမြင့်သန်း- ဒေါ်မာမာဆွေမိသားစုက အလှူငွေကျပ် တစ်သိန်းကို နာရေးကူညီမှုအသင်း(ထောက်ကြံ့)သို့ ပေးအပ်လှူဒါန်းရာ အသင်းဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်က လက်ခံယူစဉ်။ (က-ပ)

မန္တလေးတိုင်းကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၂၆

မန္တလေးတိုင်း ကျန်းမာရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၀၆)ကို ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီတွင် တိုင်းကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်း၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းအဆင့်ဌာန ဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရမန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင် ထွန်းက (၃/၂၀၀၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြ၍ အထွေထွေဆွေးနွေးမှုများ ပြုလုပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်/မန္တလေး ဈေးသင်္ဘော မြရော မေ ၆ ရက်ထွက်မည်

ရန်ကုန် ဧပြီ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်/မန္တလေး ဈေးသင်္ဘောခေါက်ရေ(၁) "မြရော" ရေယာဉ်သည် မေ ၆ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၆)တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

သို့ပါ၍ ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၉၂၁၉၉ နှင့် ၂၉၂၃၁၉ တို့သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။

ဆက်သွယ်နိုင်

နယ်မြို့များမှကုန်တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံနှင့် မကွေးမြို့များတွင် မြို့နယ်ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မန်နေဂျာရုံးများနှင့် ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးရုံသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် ဧပြီ ၂၆

အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံသို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံး နာယက ဦးအုန်းကျော်က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ဆေးရုံဧည့်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အလှူရှင်က လှူဒါန်းရသည့်အကြောင်းကို ရှင်းလင်းပြောကြားပြီး အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) တပ်မှူး ဗိုလ်မှူးကြီးအောင်ကျော်ဇောက လှူဒါန်းပစ္စည်းများကို လက်ခံကာ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ ယင်းနောက် တပ်မှူးက ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှု

လူငယ်ဟူသည် အနာဂတ်၏မျိုးဆက်သစ် တိုင်းပြည်၏ ရတနာများဖြစ်သည်။ နေ့တစ်နေ့၏ အရုဏ်ဦးနှင့်တူသည့် လူငယ်တို့ဘဝသည် လွန်စွာတန်ဖိုးရှိလှသည်။ နုပျိုခြင်း၊ လန်းဆန်းတက်ကြွခြင်း၊ လျင်မြန်ဖျတ်လတ်ခြင်း စသည့်ဂုဏ်ရည်ဂုဏ်သွေးများဖြင့် ပြည့်စုံကြသည်။ နေရောင်ခြည်ကို ခံယူရင်းအရှိန်အဟုန်ဖြင့် ပွင့်လန်းရန်အားယူနေသည့် ပန်းကလေးများနှင့်လည်း ပမာတူသည်။ ပထမအရွယ် ပညာရှာမှီးသည့် အရွယ်မို့ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ရေး၊ ကာယစိတ္တကျန်းမာကြံ့ခိုင်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး စသည်တို့နှင့်ပြည့်စုံရေးသည် အရေးကြီးသော အချက်များဖြစ်သည်။ လူငယ်တို့သည် ကျောက်ရိုင်းတုံးလေးများနှင့် ပမာတူသောကြောင့်လည်း ငယ်စဉ်ကပင် မိဘဆရာတို့က အလေ့အကျင့်ကောင်းများဖြင့် သွန်သင်ဆုံးမနည်းလမ်းပြရင်း လူကောင်းလူတော်များဖြစ်အောင် လေ့ကျင့်ပေးခဲ့ကြသည်။ လူငယ်တို့ဘဝ အပြစ်အနာအဆာကင်းစွာ နိုင်ငံ့သားကောင်း လူ့အဖိုးတန်လေးများ ဖြစ်ရေးတွင် မူးယစ်ဆေးဝါး အန္တရာယ်ကင်းစင်ရေးကိုလည်း အလေးထားဆောင်ရွက်ရန်လိုပေသည်။

မူးယစ်ဆေးဝါးဟူသည် လူ့စိတ်ကို ဖောက်ပြန်ပြောင်းလဲစေပြီး မကောင်းမှုဆိုးကျိုးများ၊ ဒုစရိုက်မှုများကို အားပေးသည့် မိစ္ဆာကောင်ဖြစ်သည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် ယနေ့ကမ္ဘာ့လူသားသန်းပေါင်း ၆၃၀၀ကို ခြိမ်းခြောက်ရင်း အန္တရာယ်ပေးလျက်ရှိသည်။ သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်းချွန်းကဲ့သို့အုပ်ဟူသော ဆိုစကားနှင့်အညီ လူသားအားလုံး၏ ဘုံရန်သူမူးယစ်ဆေးဝါးကို ပညာအသိ၊ဉာဏ်သတိဖြင့် ညီညွတ်စွာ ကာကွယ်ချေမှုန်းလျက်ရှိသည်။ မူးယစ်ဆေးဝါးတွင် ဘိန်း၊ ဘင်း၊ ကဆော်၊ လော်စာ၊ အရက်နှင့်တကွ ဆေးခြောက်၊ ကိုကင်း၊ မာဖီးယား၊ ဘိန်းဖြူ၊ ပက်သဒင်း၊ အယ်အက်စ်ဒီ၊ ဟီရိုးအင်း၊ မော်ဖင်း၊ မီသာဒုန်း၊ အေဒီတီ၊ ဖိနိုအိပ်ဆေးများ၊ ဗေလီယံ၊ နိုက်ထရာဇီပာန် စသည်တို့ပါဝင်သည်။ မူးယစ်ဆေးဝါး၏ မူယာမာယာလှည့်စားချက်များသည် ရွှေရောင်ဗိမာန်ကြီးအလား ထင်မှတ်မှားစဖွယ် ဆွဲဆောင်မှုပြင်းထန်သည်။ လူငယ်တို့၏ စူးစမ်းလိုစိတ်၊ စမ်းသပ်လိုစိတ်၊ အတွေ့အကြုံသစ်ရှာလိုစိတ်၊ လွဲမှားသောထွက်ပေါက်ရှာလိုစိတ်များသည် မူးယစ်မာယာရှင်၏ ညှို့ငင်မှုနောက်သို့ လိုက်ပါတတ်ရာ ယင်းသို့ မဖြစ်ရန် အသိပညာပေးလုပ်ငန်းများဖြင့် ကြိုတင်တားဆီးကာကွယ်ရပေမည်။ အခြေခံကျောင်းများတွင် ဟောပြောပွဲများ၊ နံရံကပ်စာစောင်ပြပွဲများ၊ စာစီစာကုံး၊ကဗျာပြိုင်ပွဲများအပြင် စာနယ်ဇင်းများ၊ ရေဒီယို၊ ရုပ်မြင်သံကြားများ၊ မီဒီယာအမျိုးမျိုးဖြင့်လည်း မူးယစ်ဆေးဝါးအသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာ လုပ်ဆောင်လျက်ရှိပေသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး အမျိုးသားရေးအသွင်ဖြင့် စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးသည် မြန်မာနိုင်ငံ၌ စတင်ပေါ်ပေါက်ခဲ့သည့် ဒေသထွက်ပစ္စည်းမဟုတ်ဘဲ ကိုလိုနီဆိုးမွေသာဖြစ်သည်။ ခေတ်အဆက်ဆက် အစိုးရများသည် မူးယစ်ဆေးဝါးပပျောက်ရေးကို ကြိုးပမ်းခဲ့ရာတွင် တပ်မတော်သားတို့၏ စစ်ဆင်ရေးများဖြင့်လည်း ချေမှုန်းတိုက်ဖျက်ခဲ့သည်။ မိုးဟိန်း စစ်ဆင်ရေး၊ ငရဲပန်း၊ တောင်ရန်ရှင်း၊ တောင်ထိပ်ပန်း၊ အောင်မိုးဟိန်းစသည့် စစ်ဆင်ရေးများဖြင့် ရွပ်ရွပ်ချွံချွံချေမှုန်းခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာ သုံးရပ်၊ နည်းနိသယသုံးရပ်တို့ဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို ကြိုးပမ်းခဲ့သည်။ မဟာဗျူဟာနှစ်ရပ်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ ဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးမှု အလေ့အထ တစ်စတစ်စ ချုပ်ငြိမ်းရေးတို့ပင်ဖြစ်သည်။

မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် မိမိတစ်နိုင်ငံချင်းကလည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပေါင်းစပ်၍လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း အင်တိုက်အားတိုက် ဆောင်ရွက်လျက် ရှိသည်။ ဘက်ပေါင်းစုံမှ ဆောင်ရွက်ခဲ့ရာတွင် ၁၉၉၇ခုနှစ် ဧပြီလတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားအထူးဒေသ(၄)ကို ဘိန်းကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ ကိုးကန့်အထူးဒေသ(၁)ကို ၂၀၀၃ခုနှစ်၊ 'ဝ'အထူးဒေသ(၂)ကို ၂၀၀၅ ခုနှစ်တို့တွင် ဘိန်းကင်းမဲ့ဇုန်များအဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်အတူ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်း (၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်)နှင့် ပန်းတိုင်သစ်စီမံကိန်းတို့ကို ပေါင်းစပ်ဖော်ဆောင်လျက်ရှိသည်။ နယ်စပ်ဒေသများရှိ ဘိန်းစိုက်ပျိုးလေ့ရှိသည့် နယ်မြေများတွင် ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝမြင့်မားလာရေးအတွက် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ ထူထောင်ရေးတို့တွင် အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။

ခင်ခင်ကျော် (ပညာရေး)

တပ်မတော်အစိုးရသည် ၁၇နှစ်တာကာလ (၁၉၈၈ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ)အတွင်း ဘိန်းစိုက်ဧက ၆၁၅၆၂ဧကမှ ၉၈၄၀ဧကအထိ ကျဆင်းသွားအောင် လုပ်ဆောင်နိုင်ခဲ့သည်။ ဘိန်းစိုက်ဧက ၁၇၂၉၅၉ ဒသမ၈၂ဧကကို ဖျက်ဆီးနိုင်ခဲ့သည်။ ဘိန်းမျိုးစေ့ ၁၀၄၁၉၇ ပြည်ကို ဒေသခံပြည်သူများက နိုင်ငံတော်ထံ အသိစိတ်ဓာတ်ဖြင့် အပ်နှံ၍ ဖျက်ဆီးခဲ့သည်။ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် ၁၉ကြိမ်၊ ပြည်နယ်၊တိုင်းများတွင် ၃၄ကြိမ် မီးရှို့ဖျက်ဆီး နိုင်ခဲ့သည်။ ဘိန်းအစားထိုးသီးနှံ နှစ်ချင်းသီးနှံ ၅၇၇၀၈၅ဧက၊ နှစ်ရှည်သီးနှံ ၁၄၇၃၈၉ဒသမ၅၀ဧက စိုက်ပျိုးထူထောင်ပေးနိုင်ခဲ့သည်။ မူးယစ် ဆေးဝါးလုံးဝပပျောက်ရေး ၁၅နှစ် စီမံကိန်း ပထမငါးနှစ်စီမံကိန်းလုပ်ငန်းများ အောင်မြင်ခဲ့သလို ယခု ဒုတိယငါးနှစ်စီမံကိန်း ရည်မှန်းချက်များကို ဆက်လက် အောင်မြင်အောင် ဖော်ဆောင်လျက်ရှိပေသည်။ ထူးခြားသော အောင်မြင်မှုသက်သေအဖြစ် UNODC မှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၂ ခုနှစ်တွင် ၁၃ ရာခိုင်နှုန်း၊ ၂၀၀၃ခုနှစ်တွင် ၂၄ ရာခိုင်နှုန်း၊ ၂၀၀၄ခုတွင် ၂၉ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရသည်။

Opiun Yield Survey အနေဖြင့် မြန်မာ–အမေရိကန် ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း တိုင်းတာရေးလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ခဲ့ရာတွင် ၁၉၉၆ခုနှစ်က တိုင်းတာသည့်စာရင်းနှင့် ၂၀၀၄ခုနှစ်စာရင်းများကို နှိုင်းယှဉ်ကြည့်လျှင် ဘိန်းထုတ်မှုအခြေအနေသည် ကိုးနှစ်အတွင်း ၈၈ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ဘိန်းစိုက်ပျိုးမှုမှာ ၈၁ရာခိုင်နှုန်း လျော့နည်းကျဆင်းသွားကြောင်း လေ့လာတွေ့ရှိရပေသည်။ ယင်းသို့ အောင်မြင်မှုများရခဲ့ခြင်းမှာ နိုင်ငံတော်အစိုးရ၏ သန္နိဋ္ဌာန်စိတ်ဖြင့် ဆောင်ရွက်ခြင်း၊ ဒေသအာဏာပိုင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့်လည်းကောင်း၊ နိုင်ငံတော် အစိုးရ၏ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသ ၂၄ခု စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်စီမံကိန်းများကြောင့် နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာခြင်းကြောင့်လည်းကောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်း၏ ပထမငါးနှစ်စီမံကိန်း ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပေသည်။ စိတ်ကြွရူးသွပ်ဆေး အပါအဝင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို

မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် မိမိတစ်နိုင်ငံချင်းကလည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပေါင်းစပ်၍ လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လည်းကောင်း အင်တိုက် အားတိုက် ဆောင်ရွက်လျက် ရှိသည်။ ဘက်ပေါင်းစုံမှ ဆောင်ရွက်ခဲ့ရာတွင် ၁၉၉၇ခုနှစ် ဧပြီလတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားအထူး ဒေသ(၄)ကို ဘိန်းကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ ကိုးကန့်အထူးဒေသ(၁)ကို ၂၀၀၃ခုနှစ်၊ 'ဝ'အထူးဒေသ(၂)ကို ၂၀၀၅ ခုနှစ်တို့တွင် ဘိန်းကင်းမဲ့ဇုန်များအဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။

အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ နိုင်ငံတကာနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးအစ ဆေးလိပ်ကဆိုသည့် စကားအတိုင်း မူးယစ်ကင်းစင်ရေးတွင် ဆေးလိပ်သောက်ခြင်းကိုလည်း ရပ်တန်းကရပ်ကြရမည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ဆေးလိပ်သောက်သုံးမှုနှင့် ဆက်စပ်နေသည့် ရောဂါဘယများဖြစ်ပွားမှုကြောင့် သေဆုံးသူ ဦးရေမှာ တစ်နှစ်လျှင် လူငါးသန်းအထိရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။ အဆုတ်ကင်ဆာဖြစ်ခြင်း၏ ၉၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်ခြင်းနှင့် တိုက်ရိုက်ဆက်နွှယ်နေပေရာ ဆေးလိပ်ကိုလည်း ရှောင်ကြဉ်ရပေမည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သော လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ လူတိုင်း ရောဂါဘယ ကင်းရှင်းရေးဆိုသည့် အချက်နှစ်ရပ်နှင့်အညီ ကျန်းမာကြံ့ခိုင်သော ဘဝကိုရရှိရန် ရောဂါဘယကင်းဝေးရန် လိုသည်။ မူးယစ်ဆေးဝါး ထောင်ချောက်မှ လွတ်ကင်းရန် လိုသည်။ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ကျန်းမာကြံ့ခိုင်သော အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းရေးသည် အရေးကြီးသော အမျိုးသားရေး လုပ်ငန်းစဉ်ကြီးဖြစ်ရာ အနာဂတ်၏ မျိုးဆက်သစ် လူငယ်များ မူးယစ်ကင်းစင်ရေးကို အလေးထားဆောင်ရွက်ရပေမည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သော လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေး ဆိုသည့် အချက်နှစ်ရပ်နှင့်အညီ ကျန်းမာကြံ့ခိုင်သောဘဝကို ရရှိရန် ရောဂါဘယကင်းဝေးရန်လိုသည်။ မူးယစ်ဆေးဝါးထောင်ချောက်မှ လွတ်ကင်းရန်လိုသည်။ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ကျန်းမာကြံ့ခိုင်သော အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းရေးသည် အရေးကြီးသော အမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်ရာ အနာဂတ်၏ မျိုးဆက်သစ်လူငယ်များ မူးယစ်ကင်းစင်ရေးကို အလေးထား ဆောင်ရွက်ရပေမည်။

လူငယ်တိုင်း၊ ပြည်သူတိုင်း၊ နိုင်ငံတိုင်းသည် လောကကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်ရန် မူးယစ်ဆေးဝါးမှန်သမျှ ဝေးစွာ ရှောင်ရှားရမည်။ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသိစိတ်ဓာတ်ပြည့်ဝစွာ လက်တွဲပူးပေါင်း ဆောင်ရွက်ရမည်။ လူသားအားလုံး၏ ဘုံရန်သူ မူးယစ်ဆေးဝါးအန္တရာယ် ချေမှုန်းရေးတွင် ဘက်ပေါင်းစုံမှ တက်ညီလက်ညီ ပါဝင်ချေမှုန်းရင်း နိုင်ငံတော်အတွက် အားထားရသည့် မူးယစ်ကင်းစင်သော လူငယ်များပေါ်ထွန်းအောင် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပေသည်။ ။

ကနီမြို့နယ် ဝင်းမနားတွဲဖက်အထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ဖွင့်ပွဲ အခမ်းအနားများကျင်းပ

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၂၁ ရက် နံနက် ၁၁ နာရီက စစ်ကိုင်းတိုင်း မုံရွာမြို့သို့ရောက်ရှိပြီး တိုင်းအသင်းရုံး၌ တိုင်းအသင်း၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကလေး၊ ကသာ၊ တမူး၊ မော်လိုက် ခရိုင်အသင်းများ၊ မြို့နယ်အသင်းများမှ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အမှုဆောင်များအား တွေ့ဆုံ၍ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်က စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စံနမူနာပြ ခေါင်းဆောင်ကောင်းများဖြစ်အောင် ပြုစုပျိုးထောင်နေထိုင်သွားကြရေး၊ နွေရာသီလူငယ်သင်တန်းများကို စီမံချက်ပါအတိုင်း ဒုတိယအကြိမ် ဆက်လက်ဖွင့်လှစ်သွားရေး၊ မြို့နယ်များအလိုက် သွေးလှူရှင်များ အသင်းဖွဲ့စည်းပြီး သွေးလိုအပ်သောလူနာများအား ထိထိရောက်ရောက် အကူအညီပေးသွားကြရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရေး၊ ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ရေးနှင့် မိုးဦးကျ ဇူလိုင်၊ ဩဂုတ်လများတွင် စိုက်ပျိုးနိုင်ရန်အတွက် ပျိုးထောင်ခြင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရေး မှာကြားသည်။

စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၂ ရက် နံနက် ၉ နာရီက ကနီမြို့နယ် ဝင်းမနားကျေးရွာသို့ ရောက်ရှိကြပြီး ဝင်းမနား တွဲဖက် အထက်တန်းကျောင်း နဝဒေးကျောင်း ဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်အားပေးကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ နဝဒေးကျောင်းဆောင်သစ်မှာ အလျားပေ ၁၅၀၊ အနံပေ ၃၀ရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုးအဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မှ ခွင့်ပြုငွေကျပ် သိန်း ၆၀၊ ဒေသခံ ပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ်သိန်း ၇၀၊ စုစုပေါင်း ကျပ်သိန်း ၁၃၀ အကုန်အကျခံ ဆောက်လုပ်ထားခြင်းဖြစ်သည်။

ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ဖွင့်

ဆက်လက်၍ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ဝင်းမနားကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ဗဟိုအလုပ်အမှုဆောင်က 'ဒို့ကျေးရွာ မီးလင်းပြီ' ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ အဆိုပါ လျှပ်စစ်ဓာတ်အားပေးစက်ကို ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးမိသားစု လှူဒါန်းငွေကျပ် သိန်း ၅၀၊ ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် ၆ ဒသမ ၅ သိန်း စုစုပေါင်း ငွေကျပ် ၅၆ ဒသမ ၅ သိန်း အကုန်အကျခံ တည်ဆောက် ထားခြင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၁၅ ကီလိုဝပ်ထွက်ရှိသဖြင့် ကျေးရွာတွင် နှစ်ပေ မီးချောင်း ၁၅၀၊ ရုပ်မြင်သံကြားစက် ငါးလုံး၊ ဗီဒီယိုရုံ တစ်ရုံတို့ကို ညစဉ် ၆ နာရီမှ ၁၀ နာရီအထိ လျှပ်စစ်မီးပေးနိုင်ပြီ ဖြစ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင်တို့သည် ဝင်းမနားကျေးရွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက်စာကြည့်တိုက်ဖွင့်လှစ်ရေး ဆောင်ရွက်နေမှုများ၊ ခြစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေးအသွင်ဖြင့် စိုက်ပျိုးသွားရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားကာ တိုင်းမှူးက ကျောင်းသုံးဗလာစာအုပ်များ၊ ဗဟိုအလုပ်အမှုဆောင်က အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊အလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ကနီမြို့နယ် တပုန်းကျေးရွာသို့ သွားရောက်ပြီး ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးမိသားစု လှူဒါန်းငွေကျပ်သိန်း ၅၀ ဖြင့် တည်ဆောက်ခဲ့သည့် ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။ အဆိုပါ လျှပ်စစ်ဓာတ်အားပေးစက်သည် လျှပ်စစ်ဓာတ်အား ၁၅ ကီလိုဝပ်ထွက်ရှိပြီး ကျေးရွာအတွင်း နှစ်ပေ မီးချောင်း ၂၀၀၊ ရုပ်မြင်သံကြားစက် နှစ်လုံး၊ ဗီဒီယိုရုံ နှစ်ရုံတို့ကို ညစဉ် ၆ နာရီမှ ၁၀ နာရီအထိ လျှပ်စစ်မီးပေးနိုင်ပြီ ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာသို့ ရောက်ရှိကြရာ သခွတ္တနယ်ကျေးရွာ တိုက်နယ် ဆေးရုံအတွင်း ကျင်းပသည့် လေပြင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ကျောင်းများပြုပြင်ရန် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ကာ တိုင်းမှူးက ညောင်ကန်ရွာ အထက်တန်းကျောင်းအတွက် ငွေကျပ် ၁၀ သိန်း၊ သခွတ္တနယ်ကျေးရွာတွဲဖက် အထက်တန်းကျောင်းအတွက် ငွေကျပ် ၁၁ သိန်း၊ ဗဟိုအလုပ်အမှုဆောင်က သခွတ္တနယ်တွဲဖက် အထက်တန်းကျောင်းအတွက် ငွေကျပ်သုံးသိန်းနှင့် ညောင်ကန်ရွာ အထက်တန်းကျောင်းအတွက် ငွေကျပ်နှစ်သိန်း၊ မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေးပင်ကျင်းရွာမူလတန်းကျောင်းအတွက် ငွေကျပ်နှစ်သိန်း၊ သခွတ္တနယ်ကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများက သခွတ္တနယ်ကျေးရွာတွဲဖက်အထက်တန်းကျောင်းအတွက် စုပေါင်းထည့်ဝင်ငွေကျပ် ရှစ်သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေသန့်စင်ရေအေးစက်လှူဒါန်း

ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာယဉ်မင်းဦး(ခ)ဒေါက်တာနိုက်တင်ဂေးလ် (ဒုလ္လဘသီလရှင်မဝဏ္ဏသိင်္ဂီ)က အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဗုဒ္ဓဂယာ မြန်မာသာသနာပြုဘုန်းကြီးကျောင်းဆရာတော်သို့ ဧပြီ ၆ရက်က ဆွမ်းစားကျောင်းဆောင်အတွက် ငွေကျပ် နှစ်သိန်းသုံးသောင်းတန်ဖိုးရှိ ရေသန့်စင်ရေအေးစက်တစ်လုံးလှူဒါန်းစဉ်။ (က-ပ)

ပြည်သူများနှင့်ဆက်ဆံရာတွင် ပြေပြေပြစ်ပြစ်ဆက်ဆံတတ်သည့် ဝန်ထမ်းကောင်းဖြစ်ရန်လို မြင့်မြတ်သည့်စိတ်ဓာတ်ပိုင်းဆိုင်ရာ အရည်အသွေးပြည့်ဝလာအောင် လေ့ကျင့်ပျိုးထောင်

ရန်ကုန် ဧပြီ ၂၆

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) သင်တန်းအမှတ်စဉ်(၄)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၄ ရက်က ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဝန်ကြီးက သင်တန်းသားများသည် စိတ်ဓာတ်နှင့်ခံယူချက် အပိုင်း၊ ဥပဒေစည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှုအပိုင်း၊ လုပ်ငန်းဆိုင်ရာ အတတ်ပညာအပိုင်းနှင့် ကျင့်ဝတ်သိက္ခာ စောင့်စည်းမှု အပိုင်းများတွင် ပြည့်ဝကြရန်နှင့် မိမိကိုယ်ကိုမိမိ ထိန်းကျောင်းကြရန်၊ မိမိလုပ်ငန်းတွင် ကျွမ်းကျင်နှံ့စပ်ရန်၊ ပြည်သူများနှင့် ဆက်ဆံသည့်နေရာတွင် ပြေပြေပြစ်ပြစ် ဆက်ဆံတတ်သည့် အုပ်ချုပ်ရေး ဝန်ထမ်းကောင်းများ ဖြစ်ရန်အထူးလိုအပ်ကြောင်း၊ မြင့်မြတ်သည့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အရည်အသွေးများကို ပြည့်ဝခိုင်မာလာအောင် မိမိကိုယ်ကိုမိမိအထူးလေ့ကျင့်ပျိုးထောင်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ အမှတ်(၃) စိုက်ပျိုးထုတ်လုပ်မှုစခန်းသို့ ရောက်ရှိပြီး ဝန်ကြီးသည် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော သီးနှံများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား စိုက်ပျိုးထုတ်လုပ်မှု စခန်းရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ ဦးစီး အရာရှိ ဦးညွှန့်ဝင်းက စိုက်ပျိုးမွေးမြူထုတ်လုပ်ရေး တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ငါးမွေးကန်များကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွံတေးမြို့နယ် ရန်ကုန်ပေါက် ကျိုက်သလဲ စိုက်ပျိုးရေးစခန်း မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်း တွံတေးမြို့နယ် ရန်ကုန်ပေါက် ကျိုက်သလဲ ရေနက်ကွင်း စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်အား ရန်ကုန်ပေါက် ကျိုက်သလဲ ရေနက်ကွင်းဒေသ စိုက်ပျိုးမွေးမြူရေး စခန်းတာဝန်ခံ ဦးခိုင်စိုးသိန်းနှင့် တာဝန်ရှိသူများက စခန်းရှင်းလင်းဆောင်၌ စိုက်ပျိုးမွေးမြူရေးစခန်းအတွင်းရှိ သားပေါက်စခန်းတို့၌ ငါးမျိုးစုံကောင်ရေ နှစ်ဆယ့်ငါးသိန်း ရှစ်သောင်းကျော် မွေးမြူထားရှိမှု၊ ငါးမွေးမြူထုတ်လုပ်နေမှု၊ ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများနှင့် အခြားဈေးကြီးများသို့ ငါးများတင်ပို့ ရောင်းချနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ပျိုးအိတ်အတွင်းထည့်သွင်းစိုက်ပျိုးပေး

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း စိုက်ပျိုးရန် ပြုစုပျိုးထောင်ထားရှိသည့် ခြစည်းရိုးကြက်ဆူပင် တစ်သောင်းနှစ်ထောင် ပျိုးခြံကို ကြည့်ရှုစစ်ဆေးပြီး ခြစည်းရိုးကြက်ဆူမျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးသည်။

ထို့နောက် ငါးသားပေါက်စခန်းသို့ သွားရောက်၍ ငါးတန်၊ ယိုးဒယားငါးခုံးမ၊ ရွှေနီတီလားပီးယား၊ ငါးကြင်း ဖြူ၊ ရွှေဝါငါးကြင်းနှင့် ငါးမြစ်ချင်းများ စမ်းသပ်သားဖောက် ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ ဒေသ မျိုးစိတ် ကောင်ရေနှစ်ရာငါးဆယ် မွေးမြူထားရှိ ကြီးထွားနေမှုကိုလည်းကောင်း၊ ဝက်ကောင်ရေ နှစ်ရာငါးဆယ် စနစ်တကျဖြင့် မွေးမြူဖြစ်ထွန်းနေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်မို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၃၅၅၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ဒုတိယအကြိမ် မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကို မေ ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် (က)အဆင့်အသင်း လိုက်ပြိုင်ပွဲအတွက် တစ်ဦးချင်းနှစ်ပွဲနှင့် နှစ်ယောက်တွဲ တစ်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမားအနည်းဆုံးလေးဦးမှ အများဆုံး ငါးဦးသတ်မှတ်ထားသည်။ (ခ) အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် နှစ်ယောက်တွဲသုံးပွဲ ကစားခွင့်ပြုမည်ဖြစ်ပြီး အသင်း တစ်သင်းလျှင် အားကစားသမားအနည်းဆုံး ခြောက်ဦးမှ အများဆုံး ခုနစ်ဦး သတ်မှတ်ထားသည်။ အသက် ၁၀ နှစ်၊ ၁၂ နှစ်နှင့် ၁၄ နှစ်နှင့် အောက် မျိုးဆက်သစ်လူငယ် တင်းနစ်ပြိုင်ပွဲလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိ

ယင်းတင်းနစ်ပြိုင်ပွဲတွင် စည်းကမ်းများသတ်မှတ်ထားရာ (က)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ (ခ)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းအဆင့်မဟုတ်သူများ၊ အသက် ၄၅ နှစ်အထက် ပြည်နယ်နှင့် တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် တစ်ဦးသာပါဝင်ခွင့်ရှိသည့် အပြင် အသက် ၅၀ နှင့်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမား ဦးရေကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။

အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် နယ်မှလာရောက်ယှဉ်ပြိုင်ကြသော ကလပ်အသင်းများနှင့် လူငယ်သက်တန်းအလိုက် ပါဝင်ကစားလိုသူများအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တည်းခိုရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

စာရင်းပေးသွင်း

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် မေ၄ ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀ သို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး မေ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ပွဲစဉ်များ ရေးဆွဲမည့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရုံးခန်းသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူ တစ်ဦးတက်ရောက်ကြရန် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုးဘွဲ့ ရဆရာတော် ဓမ္မသဘင်

ရန်ကုန် ဧပြီ ၂၆

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ သာသနာပြု ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဧပြီ ၂၉ရက်ညတွင် သာကေတ ၃/ရန်ပြေ မာဃဓမ္မာရုံ၊ ၃၀ ရက် နံနက် ၉နာရီတွင် အောင်ဆန်းမြို့နယ် မဟာမြိုင်ကျောင်း သိက္ခာထပ်ပွဲ၊ ညရနာရီတွင် သာကေတ၃/ရန်ပြေ မာဃ ဓမ္မာရုံ၊ မေ ၁ရက် နံနက် ၉နာရီတွင် ရန်ကင်း ရွှေဟင်္သာစံကျောင်း၊ သိက္ခာထပ်ပွဲ ၊ ည ရနာရီတွင် သာကေတ ၄/တောင် ဓမ္မာရုံ၊၂ရက် နံနက် ၉နာရီတွင် အင်းစိန်ဖော့ကန် မင်္ဂလာသီရိကျောင်း သိက္ခာထပ်ပွဲ၊ ညရနာရီတွင် သာကေတ ၄/တောင်ဓမ္မာရုံ၊မေ၃ ရက်တွင် သာကေတ ၄/ တောင် ဓမ္မာရုံ၊ ၄ရက်၊ ၅ရက်နှင့် ၆ရက်တို့တွင် သာကေတ ၃ /ရန်ပြေ မာဃဓမ္မာရုံ၊ ၇ရက် နံနက် ရနာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ကိုးဘွဲ့ရဆရာတော်၏ သိက္ခာထပ်ပွဲ၊ မွေးနေ့ပွဲနှင့် သဒ္ဓမ္မဇောတိကဓဇ ပူဇော်ပွဲ၊ မိဘဆရာပူဇော်ပွဲ၊ ကျောင်းဆောက်ရန် ငွေလှူပွဲ မင်္ဂလာကို သမိုင်း (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားအနီး ပေါက်တန်းဒိတ်ကုန်း ကျောင်းတွင် ဆက်ယင်ကျင်းပမည်ဖြစ်သည်။ တရားပွဲရက် ရရှိပြီးသူများသည် မယ်တော်ကြီး ဒေါ်ညို ဖုန်း-၀၁-၇၀၈၊ ၄၀၃ သို့ ဆက်သွယ်ပင့်ဆောင်ကြရန် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အသက်(၁၃)နှစ်အောက် ပြည်နယ်/တိုင်း ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

(၉)ကြိမ်မြောက် အသက်၁၃နှစ်အောက် ပြည်နယ်နှင့်တိုင်း လူငယ်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်(ကွာတားဖိုင်နယ်)ပွဲစဉ် မဲနှိုက်ရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)အိုလံပစ်ဟိုတယ်-၂၌ ကျင်းပသည်။

မဲနှိုက်ရေးဆွဲ

ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်ခွင့်ရရှိသော အသင်းရှစ်သင်းအနက် အုပ်စုပထမရရှိသော အသင်းများကို ကြိုတင်နေရာချထားပြီး အုပ်စုဒုတိယရရှိသောအသင်းများကို မဲနှိုက်၍ပွဲစဉ်ရေးဆွဲခြင်းဖြစ်သည်။

ယှဉ်ပြိုင်ရမည်

ဒုတိယအဆင့် ရှုံးထွက်(ကွာတားဖိုင်နယ်)ပွဲစဉ်များကို ဧပြီ ၂၇ရက် (ယနေ့)တစ်ရက်တည်း၌ အပြီး ကျင်းပမည်ဖြစ်ရာ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ နံနက်၇နာရီခွဲတွင် မွန်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ညနေ၃နာရီခွဲတွင် မန္တလေးတိုင်းအသင်းနှင့် စစ်ကိုင်းတိုင်းအသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်းအသင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်း၊ ညနေ၃နာရီခွဲတွင် တနင်္သာရီတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ဗိုလ်လုပွဲ

အကြိုဗိုလ်လုပွဲစဉ်များကို ဧပြီ ၂၉ ရက်တွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်း၌လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို မေ ၁ ရက်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

အနန္တကျေးဇူးရှင် နှစ်ဖက် မိဘတို့ကို အမှူးထား၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းသွယ် အမှတ်(၈၂-ဘီ)နေ သီဟသူရ ဦးသိန်းထွန်းတင်-ဒေါ်အမာသင်း၊ သား မောင်သိန်းဇော်၊ သားသမီးမြေးမြစ် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းငါးသောင်းကို ပိဋကနှစ်ပုံအောင် ဆရာတော် ဘဒ္ဒန္တဇဋိလထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ယဉ်ကျေးမှု သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန လှိုင်ကော်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ အခြေခံယဉ်ကျေးမှုအတီး(ပတ္တလား)နှင့် အကသင်တန်း အမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကိုဧပြီ၂၄ရက် နံနက် ၈နာရီခွဲတွင်ကျင်းပရာ လှိုင်ကော်တပ်နယ်မှ ဗိုလ်မှူးကြီးလှမြင့်ရွှေ တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် နှစ်ဦးဂေါက်သီးရိုက် ပြိုင်ပွဲကို ဧပြီ ၃၀ ရက် နံနက် ၆ နာရီခွဲတွင် ရဲမွန်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းနှင့်နံနက်၅ နာရီတွင် မြန်မာနိုင်ငံဂေါက်ကွင်းကိုးမိုင်မှ ကားဖြင့် ထွက်ခွာမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

အုပ်စုရေးဆွဲ

၂၀၀၆ ခုနှစ် အသက်(၁၄)နှစ်အောက် အာရှကျောင်းသား ဘောလုံးပြိုင်ပွဲ အာဆီယံဇုန်၌ ပါဝင်သော အသင်းများကို အုပ်စုရေးဆွဲထားပြီးဖြစ်သည်။ အုပ်စု(င)တွင် ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့်မော်လဒိုက်၊အုပ်စု(စ)တွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူနှင့် ဘရူနိုင်းတို့ ပါဝင်ကြသည်။

သူတို့ပါဝင်

အသက်(၁၄) နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်ဘောလုံး အသင်းကို နည်းပြဆရာများအဖြစ် ဦးဟန်ထွန်း(ကမ္ဘောဇ)နှင့် ဦးချစ်နိုင် (အား/ကာ) တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အားကစားသမားများအဖြစ် စဖြိုးဝေစိုး**(ဂိုး)**၊အောင်ဝေဖြိုး**(ဂိုး)**၊ ကျော်ကိုကို**(ဂိုး)**၊ ကျော်ဇေယျာအောင်၊ ရဲမာန်ဝင်း၊ အာကာအောင်၊ အေးထွန်း၊ မျိုးကျော်၊ သန့်ဇင်ဝင်း၊ အောင်စုနိုင်၊ ထွန်းမင်းဦး၊ ဝင်းဌေး၊ အောင်ကိုကိုဝင်း၊ ဖြိုးမောင်မောင်ကျော်၊ သန်းထက်အောင်၊ ကျော်မြင့်ထွန်း၊ အောင်စည်သူ၊ စည်သူ၊ အောင်မြင့်ထူးနှင့် ရဲဇော်ထက်တို့ ပါဝင်ကြသည်။

ပေးပို့ရမည်

အသက်(၁၄)နှစ်အောက် အာရှကျောင်းသားဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းများသည် အားကစားသမား ၂၅ဦး စာရင်းကို အာရှဘောလုံးအဖွဲ့ချုပ်သို့ပေးပို့ရမည်ဖြစ်သည်။ အသက်(၁၄) နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်ဘောလုံး အသင်းတွင် အားကစားသမား ၂၀သာ ပါဝင်ရာ အားကစားသမားငါးဦးကို ထပ်မံ အင်အားဖြည့်တင်းမည်ဖြစ်သည်။

ကျင်းပလျက်ရှိသော (၉)ကြိမ်မြောက် အသက်(၁၃)နှစ်အောက် ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်သော အားကစားသမားများအနက်မှ အားကစားသမားငါးဦးကို ရွေးချယ်၍ အသက်(၁၄)နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်ဘောလုံး အသင်းအတွက် အင်အားဖြည့်တင်းရန် စီစဉ်ထားကြောင်း သိရသည်။

ခြေစွမ်းပြ

အသက်(၁၄)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းတွင် ပါဝင်လျက်ရှိသော အားကစားသမားများအနက်မှ အချို့သည် ကျင်းပလျက် ရှိသည့်(၉)ကြိမ်မြောက် အသက်(၁၃) နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ပြီး ခြေစွမ်းပြလျက်ရှိကြသည်။

ရွေးချယ်ဖွဲ့စည်း

ရန်ကုန်တိုင်း လူငယ်အသင်းမှ ဖြိုးမောင်မောင်ကျော်၊ သန်းထက်အောင်၊ အောင်ကိုကိုဝင်းနှင့် ရဲဇော်ထက်တို့သည် အသက်(၁၄)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းမှ ဖြစ်ကြပြီး ယခုပြိုင်ပွဲ၌ ခြေစွမ်းပြကစားလျက်ရှိသည်။ အသက်(၁၄)နှစ်အောက်မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းကို အား/ကာသိပ္ပံ(ရန်ကုန်)နှင့်အား/ကာသိပ္ပံ(မန္တလေး) တို့မှ အားကစားသမားများကိုအခြေခံ၍ ရွေးချယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

မြန်မာ့ဘောလုံးအားကစားအဆင့် အတန်းတိုးတက်မြင့်မားရေးနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုရရှိရေး အတွက်လူငယ်မျိုးဆက်သစ် ဘောလုံးသမားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးခြင်းသည်အရေးပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မုန်တိုင်းငယ် ပိုမိုအားကောင်းလာဖွယ်

ရန်ကုန် ဧပြီ ၂၆

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသောမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာကာ အပူပိုင်းမုန်တိုင်းအဖြစ်သို့ရောက်ရှိခဲ့ပြီးအိန္ဒိယနိုင်ငံပို့ဘလဲယားမြို့၏ အနောက်တောင်ဘက်မိုင် ၃၀၀ခန့် အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းသည် မြောက်ယွန်းယွန်းသို့ ဖြည်းညင်းစွာ ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကို ဧပြီ ၂၆ ရက်က အမှတ်(၅၁) ရပ်ကွက် အလိမ္မာစာကြည့်တိုက် ရှေ့တွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပုစ္ဆာကမ္ဘာ

တားဆီးရာ

ဖြေရှာတစ်ခု

တောပြုခု

ငွေကျပ် ၁၀၀ တန် ထီဖွင့်ပွဲ မေ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

၂၀၀၆ ခုနှစ် မေ ၁ ရက်(တနင်္လာနေ့)တွင် (၂၀၈)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှစတင်၍ ညနေ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ ၃၁ဆု၊ ငွေကျပ် ၁၀ သိန်း ၄၆၄ ဆု၊ ငွေကျပ်ငါးသိန်း ဆု၂၀၊ ငွေကျပ် လေးသိန်း ၂၅ ဆု၊ ငွေကျပ်နှစ်သိန်း ၁၈၅ ဆု၊ ငွေကျပ်တစ်သိန်း ဆု၁၄၄၀ ၊ ငွေကျပ် ရှစ်သောင်း ၆၃ ဆု၊ ငွေကျပ်လေးသောင်း ၁၀၀ ဆု၊ ငွေကျပ်နှစ်သောင်း ၁၄၉၃၄ ဆု စုစုပေါင်း ၁၇၂၆၉ ဆု ဖြစ်သည်။

ယခု (၂၀၈)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မေ ၈ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ်ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားပွဲဆင်နွှဲမည့် အင်္ဂလန်အသင်း၏ မိတ်ဆက်မြင်ကွင်း

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ရန်ကုန် ဧပြီ ၂၆

မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား အစီအစဉ်ဖြင့် မြန်မာ့အလင်းက ဘောလုံးချစ်သူဝါသနာအိုးများအတွက် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား ယှဉ်ပြိုင်ခွင့်ရရှိကြသည့် ဘောလုံးအသင်း တစ်သင်းစီ၏ ရပ်တည်မှု အခြေအနေများကို ဖော်ပြပေးလျက်ရှိသည်။

အင်္ဂလန်အသင်း

အင်္ဂလန်အသင်းသည် ဘရာဇီး၊ အာဂျင်တီးနားနှင့် ပြင်သစ်အသင်းများကဲ့သို့ ဘောလုံးပရိသတ်များ

များသည် ၁၉၆၆ခုနှစ် နောက်ပိုင်း ဝေးကွာခဲ့ရသော ကမ္ဘာ့ဖလားကြီးကို ပြန်လည်ဆွတ်ခူးနိုင်ရန် ခေတ်သစ်ဘောလုံးသမားလောက မွေးဖွားရာ

အင်္ဂလန်အသင်း မန်နေဂျာ အဲရစ်ဆင်နှင့် အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်းတို့အား အင်္ဂလန်အသင်း လေ့ကျင့်ရေးကွင်း၌ ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

အထူးစိတ်ဝင်စားနေသည့် အသင်းတစ်သင်းဖြစ်သည်။

အင်္ဂလန်အသင်းတွင် ပါဝင်ကစားမည့် ကစားသမားများသည် ပရီမီယာရှစ် အသင်းများတွင် ပါဝင်ကစားနေသည့် ကစားသမားများဖြစ်၍ ဘောလုံးပရိသတ်နှင့်လည်း ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်နေသဖြင့် ဘောလုံးပရိသတ်များ စိတ်ဝင်စားနေကြသည်။

အခြေခံ

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်း၏ အောင်မြင်မှု မှတ်တမ်းများကို မြန်မာ့အလင်းဘောလုံးပရိသတ်များ ကြိုတင်သိရှိနိုင်စေရန်အတွက် Yangon Intertainment Ltd. မှရရှိသော သတင်းအချက်အလက်များကို အခြေခံလျက် ကိုးကားဖော်ပြလိုက်ပါသည်။

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှု ကြီးကြီးမားမား ဆွတ်ခူးနိုင်ရန် အင်္ဂလန်အသင်းထက်မည်သည့်အသင်းမှ ဖိအားပေးခံရလိမ့်မည် မဟုတ်ပေ။

အင်္ဂလန်အသင်းသည် ပါရာဂွေး၊ ထရီနီဒက်နှင့် တိုဘာဂို၊ ဆွီဒင်တို့ ပါဝင်သော အုပ်စု(ခ)တွင် ပါဝင်သည်။

ငယ်ရွယ်သော်လည်း အတွေ့အကြုံ ရင့်ကျက်နေပြီ ဖြစ်သော အင်္ဂလန် လက်ရွေးစင်ကစားသမား

အင်္ဂလန်နိုင်ငံ၏ ဂုဏ်သိက္ခာများကို ပြန်လည်မြှင့်တင်ပေးရေး အလွန်ဆန္ဒပြင်းပြနေကြသည်။

ရင်ဆိုင်ရဖွယ်

အင်္ဂလန်အသင်းသားများ အနေဖြင့် ဂျာမနီမြေပေါ်တွင် ရင်လျှင်ရွှေထီးသေလျှင်မြေကြီး ဆိုသည့်အတိုင်း အပြင်းအထန်ကြိုးစားခဲ့၍ ကမ္ဘာ့ဖလားကြီး ဆွတ်ခူးနိုင်ခဲ့လျှင် နေ့ချင်းညချင်း သူရဲကောင်းတွေဖြစ်သွားနိုင်သကဲ့သို့ အကယ်၍ ရှုံးနိမ့်ခဲ့သော် ဝေဖန်မှုများကို ရင်ဆိုင်ရဖွယ်ရှိသည်။

ဖာဒီနန်၊ လမ်းပတ်၊ ဘက်ဟမ်းနှင့် ရွှန်နေတို့ကဲ့သို့ အရည်အချင်းရှိကစားသမားများပါဝင်နေသော်လည်း တခြားအင်္ဂလန်နာမည်ကြီးတိုက်စစ်မှူးတစ်ဦးဖြစ်သော မိုက်ကယ်အိုဝင်ကမူ ၂၀၀၆ခု ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

ရွှန်နေ၏ ကစားဟန်

အင်္ဂလန်အသင်းမှ အားထားရမည့် တိုက်စစ်မှူး ရွှန်နေ၏ ကစားဟန်။
(ဓာတ်ပုံ-အင်တာနက်)



တွင် ၎င်းတို့အသင်း ဖိုလ်စွဲနိုင်ရန် ၂၀ ရာခိုင်နှုန်းသာရှိကြောင်း ပြောကြားထားသည်။

အင်္ဂလန်အသင်းသည် တကယ့်အသင်းကြီးတစ်သင်း ဖြစ်သည်။ သို့ရာတွင် အမှန်တကယ် ခြေစွမ်းထက်သည့်အသင်း ဟုတ်မဟုတ်ဆိုသည်ကို ၂၀၀၆ ခု ကမ္ဘာ့ဖလားမှာ မြင်တွေ့ကြရပေလိမ့်မည်။

ချန်ပီယံ

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ၁၉၅၀ ပြည့်နှစ်က ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် ချန်ပီယံဖြစ်ခဲ့သည်။

ယခုနှစ် ၂၀၀၆ ကမ္ဘာ့ဖလား ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် အင်္ဂလန်အသင်းအနေဖြင့် ဥရောပဇုန်အုပ်စု (၆)မှ အုပ်စုပထမအဖြစ် ထိုက်ထိုက်တန်တန် ခြေစစ်ပွဲအောင်ခဲ့သော အသင်းဖြစ်သည်။

ယင်းကဲ့သို့ ထိုက်တန်စွာဖြင့် ကမ္ဘာ့ဖလား ဝင်ခွင့်ရရေးအတွက် အထူးကြိုးကိုင် လှုပ်ရှားခဲ့သူမှာ နည်းပြဆဗင်ဂိုရန်အဲရစ်ဆင်ပင်ဖြစ်သည်။

ကျေနပ်

အင်္ဂလန်အသင်းနည်းပြ အဲရစ်ဆင်က ပြောကြားရာတွင် မိမိတို့အသင်းသည် လွယ်ကူသောအုပ်စုတွင်ကျသည့် အသင်းမဟုတ်ကြောင်း၊ ပွဲများသည် ခက်ခက်ခဲခဲ ကစားရလိမ့်မည် ဖြစ်ကြောင်း၊ သို့ရာတွင် ဩစတြေးလျနှင့် နယ်သာလန်အသင်းကို ရှောင်နိုင်ခဲ့၍ ကျေနပ်ကြောင်းပြောကြားသည်။

အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်းကလည်း မိမိတို့အသင်းကြိုးစားကစားလျှင် အလားအလာများစွာရှိကြောင်း၊ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်သည့် အခွင့်အလမ်း ပါရမီရင့်သန်ပြီးဖြစ်ကြောင်း၊ ရှေးရိုးကစားကွက်များအတိုင်း ကစားခဲ့လျှင် လွယ်ကူလိမ့်မည်မဟုတ်ကြောင်း၊ ဂျာမနီမြေမှာ မိမိတို့ခြေစွမ်းကို ပြသရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဓိက ကစားသမား

အင်္ဂလန်အသင်း၏ အဓိကကျသော ကစားသမားသည် ရွှန်နေပင်ဖြစ်သည်။ ၎င်းအနေဖြင့် ကမ္ဘာ့ဖလားဆွတ်ခူးပေးနိုင်ရန် အခိုင်အမာ ဆုံးဖြတ်ထားသည့် လူငယ်တိုက်စစ်မှူးဖြစ်သည်။

၎င်းကိုယ်တိုင်လည်း ကမ္ဘာ့ဖလားပွဲကစားရန် မစောင့်ဆိုင်းနိုင်အောင်ပင်ဖြစ်နေသည်။ ၎င်းအတွက် ပထမဖွဲ့ဆော်ဦး ကမ္ဘာ့ဖလားပွဲဖြစ်၍ အလွန်စိတ်လှုပ်ရှားနေပုံရသည်။

၎င်းအနေဖြင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးတွင် အင်္ဂလန်အသင်း ဖိုလ်စွဲနိုင်မည်ဟု အပြည့်အဝယုံကြည်ထားသူလည်း ဖြစ်သည်။

ထောက်ခံမှုပေး

အသက် ၂၀ အရွယ်သာရှိသေးသည့် အင်္ဂလန်တိုက်စစ်မှူး ရွှန်နေသည် ၎င်း၏ယုံကြည်ချက်နှင့်အတူ အင်္ဂလန်အသင်း ဖိုလ်စွဲနိုင်ရေးအတွက် လုံလောက်သည့် အကြောင်းပြချက်များရှိနေသည်။ ရွှန်နေသည် ၂၀၀၅ ခုနှစ်အတွက် ဖီဖာပရိအကောင်းဆုံးလူငယ်ကစားသမား ဆုရှင်လည်းဖြစ်နေ၍ ၎င်း၏ ယုံကြည်ချက်က ခိုင်မာနေသည်။ နာမည်ကြီး အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်းကပါ ရွှန်နေနှင့် ပတ်သက်ပြီး အလုံးစုံထောက်ခံမှုပေးထားသည်။

ဒေးဗစ်ဘက်ဟမ်းက ရွှန်နေသည် ဝီရိယအားကောင်းသော ကစားသမားဖြစ်၍ ယခုအချိန်တွင် မည်သည့် အောင်မြင်မှုများနှင့်မဆို ထိုက်တန်သည့် ကစားသမားဖြစ်ကြောင်း၊ ထို့အပြင် ၎င်းသည် ကစားသမားကောင်းတစ်ဦးဖြစ်သကဲ့သို့ လူတော်လူကောင်းလည်းဖြစ်ကြောင်း ချီးကျူးစကားပြောကြားသည်။

အင်္ဂလန်အသင်း၏ အနာဂတ်အတွက် အရေးပါဆုံး တိုက်စစ်မှူး ရွှန်နေသည် ယခုဆိုလျှင်၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားအတွက် အကောင်းဆုံးပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ရွှန်နေသည် နိုင်ငံတကာ ပွဲဦးထွက်အဖြစ် ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလက အင်္ဂလန်နှင့် ဩစတြေးလျပွဲတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။

အင်္ဂလန်အသင်းသည် အုပ်စု(ခ)တွင် ပါဝင်ပြီး ဇွန် ၁၀ ရက်တွင် ပါရာဂွေး အသင်းနှင့်လည်းကောင်း၊ ဇွန် ၁၅ ရက်၌ ထရီနီဒက်နှင့်တိုဘာဂိုအသင်းနှင့် လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ဆွီဒင်အသင်းနှင့်လည်းကောင်း ကစားရမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

အင်္ဂလန်လက်ရွေးစင် ဘောလုံးအသင်း။ (ဓာတ်ပုံ-အင်တာနက်)

အာဆင်နယ်နှင့် ဗီလာရီးရဲ သရေကျ
နှစ်ပွဲရလဒ်ဖြင့် အာဆင်နယ်ချန်ပီယံလိဂ် ဖိုင်နယ်လုပွဲတက်ပြီ

ဗီလာရီးရဲ ဧပြီ ၂၆

ချန်ပီယံလိဂ်အကြိုဖိုင်နယ်လုပွဲ ဒုတိယအကျော့ ပွဲစဉ်များကို ဧပြီ ၂၅ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်ဂိုးသမား ဂျင်းစ်လေးမန်းက ဗီလာရီးရဲကစားသမား ရီကွယ်မီသွင်းသော ပယ်နယ်တီကို ကာကွယ်ပေးပြီး ချန်ပီယံလိဂ်ဖိုင်နယ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ချီးကျူး

လေးမန်း၏ နောက်ဆုံးပယ်နယ်တီ ကာကွယ်ပေးလိုက်နိုင်မှုကြောင့် အာဆင်နယ်က နှစ်ပွဲပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် ဖိုင်နယ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ လေးမန်း၏ ပယ်နယ်တီ ကာကွယ်ပေးနိုင်မှုကို နည်းပြ အာစင်ဝင်းဂါးက ၎င်းအား ချီးကျူးစကားပြောကြားခဲ့သည်။

အာဆင်နယ်က ဗီလာရီးရဲကွင်း၌ ဂိုးမရှိ သရေကစားပြီး ပထမဆုံးအကြိမ် ချန်ပီယံလိဂ် ဖိုင်နယ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂျာမနီဂိုးသမား လေးမန်းသည် ပွဲပြီးရန် နှစ်မိနစ်အလိုတွင် ကြမ်းတမ်းစွာကစားမှုကြောင့် ဗီလာရီးရဲမှ ဂျို့စ်မာရီ ဂိုးဧရိယာအတွင်း လဲကျခဲ့သဖြင့် ဒိုင်လူကြီးက ပယ်နယ်တီပေးခဲ့ခြင်းကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ဖိုင်နယ်လုပွဲတွင် ဘာစီလိုနာ သို့မဟုတ် အေစီမီလန်အသင်းနှင့် တွေ့မည်ဖြစ်သည်။ ဖိုင်နယ်လုပွဲကို မေ ၁၇ ရက်တွင် ပါရီမြို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ပေးနိုင်

ဗီလာရီးရဲတို့ ဂိုးသွင်းခွင့်များရသော်လည်း ဂိုးကံခေ၍ ချန်ပီယံလိဂ် ဖိုင်နယ်လုပွဲနှင့် လွဲခဲ့ရပြီဖြစ်သည်။ လေးမန်းသည် ဥရောပဘောလုံးသမိုင်းတွင် အချိန်အများဆုံး ကာကွယ်ပေးနိုင်ခဲ့သူလည်း ဖြစ်သည်။

အာဆင်နယ်အသင်းသည် ပထမပိုင်းတွင် ဗီလာရီးရဲ၏ တိုက်စစ်ဆင်မှုများကို ကြိုးစားကာကွယ်နေရသည်။ ပထမပိုင်းပြီးချိန်တွင် ဗီလာရီးရဲက သရေဆွဲထားနိုင်သဖြင့် အာဆင်နယ်တို့ အကြိတ်အနယ် ကြိုးစားလာခဲ့ပြန်သည်။

ဥရုဂွေးတိုက်စစ်မှူး ဖော်လန် အကောင်းဆုံးဂိုးသွင်းခွင့် ကြုံသော်လည်း ဘောလုံးမှာ ဂိုးတန်းကျော်သွားခဲ့၍ တစ်ဂိုးနစ်နာခဲ့ရပြန်သည်။

သို့ရာတွင် ဗီလာရီးရဲတို့ ပွဲသိမ်းရန် နှစ်မိနစ်အလိုတွင် နောက်ဆုံးဆုလဒ်အဖြစ် ပယ်နယ်တီကန်ခွင့်ရသွားခဲ့သည်။ သို့သော်လည်း ရီကွယ်မီ၏ ပယ်နယ်တီကို လေးမန်း ကာကွယ်ပေးလိုက်ချိန်တွင် ဂျာမနီဂိုးသမား လေးမန်းတစ်ယောက် အာဆင်နယ်အသင်း၏ သူရဲကောင်းဖြစ်သွားတော့သည်။ **(အင်တာနက်)**

ဗီလာရီးရဲ ကစားသမား ရီကွယ်မီ၏ ပယ်နယ်တီဂိုးကို အာဆင်နယ်ဂိုးသမား ဂျင်းစ်လေးမန်း ဤသို့ ကာကွယ်နိုင်ခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

ပဲခူးမြို့၊ လူငယ်ဖွံ့ဖြိုးရေးပန်းခြံကုန်း၊ ပရဟိတဂေဟာရှိ ရှင်သာမဏေအပါး ၆၀ ရှင်ပြုနှင့် ပဋ္ဌမအကြိမ်မြောက်(၇)ရက်၊ (၇)လီ၊ (၇)ရက်သားသမီးများ ကျန်းမာချမ်းသာ သံဃာအပါး ၃၃၂ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်းနှင့် ပစ္စည်းလေးပါး လောင်းလှူဒါန်းပွဲ အလှူတော်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်-ပဲခူး-ပဲနွယ်ကုန်းမြို့နေ သီရိသုဓမ္မဇောတဓရ ဦးငွေသိမ်း(Chairman) Theint Video (VCD-DVD) Digital Colour Photographic Service, (Chairman) Cairo Company Ltd. Construction M.S Group-ဒေါ်စမ်းမြင့်(M.D) Theint Video (VCD-DVD) Digital Colour Photographic Service မိသားစုတို့က သံသရာဝဋ်ဆင်းရဲအပေါင်းမှ ကင်းလွတ်ရာအမှန် မြတ်နိဗ္ဗာန်ကို အာရုံပြုလျက် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ် ၃၃၂ ပါးတို့အား(၁၇-၄-၂၀၀၆ရက်) မြန်မာနှစ်ဆန်း တစ်ရက်မှ ၂၃-၄-၂၀၀၆ရက် ဦးတန်ခူးလပြည့်ကျော် ၁ရက်အထိ ပဲနွယ်ကုန်းမြို့ အလှူမင်္ဂလာ အိမ်ဂေဟာ၌ ပဋ္ဌမအကြိမ်မြောက် ဆွမ်း၊ ဆွမ်းဟင်းနှင့် ပစ္စည်းလေးပါးလောင်းလှူပွဲတွင် ညပိုင်းတရားချီးမြှင့်ပေးကြသော တောရကျောင်းဆရာတော် ဦးဝိမလ(၁၈-၄-၂၀၀၆ရက်)၊ တောကျွဲအင်းမြို့ မဇ္ဈိမာရုံတောရကျောင်း ဆရာတော် ဦးဝိလာသ (၂၀-၄-၂၀၀၆ရက်)၊ ဘဒ္ဒန္တသီရိန္ဒ (သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သာသနာ့မဏ္ဍိုင် တိုက်အုပ်ဆရာတော် ပဲခူးမြို့ (၂၂-၄-၂၀၀၆)ရက်နှင့် တရားပွဲဖြစ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသော မြို့မသာသနာ့ရိပ်သာကျောင်းဆရာတော် ဦးခန္တီဓမ္မတို့အားလည်းကောင်း။

ပဲနွယ်ကုန်းမြို့ အလှူမင်္ဂလာအိမ်ဂေဟာသို့ ကိုယ်တိုင်လာရောက်၍ ဝတ္ထုပစ္စည်းများလှူဒါန်းသော ဗိုလ်ချုပ်စိုးမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်တင်တင်ဦး၊ ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းနှင့်ဇနီး ဒေါ်ခင်နန်းတင့်၊ ပျဉ်ပုံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးခင်လှ၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ရဲမှူးကြီးမြင့်ဝေနှင့်ဇနီး ဒေါ်တင်တင်ညွန့် မိသားစု၊ ရဲမှူးကြီးတင်အောင်(ငြိမ်း)နှင့်မိသားစု၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာများ၊ ပဲခူးခရိုင်မှ ဒုရဲမှူးကြီးပြေငြိမ်းနှင့်အဖွဲ့ဝင်များ၊ ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောက်တံခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောက်တံခါးမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ၊ ပဲခူးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးသန်းနိုင်အောင်နှင့် ဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒေါ်ကြည်ဝေ(မန်နေဂျာ)နှင့် လက်ထောက်မန်နေဂျာ ဒေါ်သီသီတို့အားလည်းကောင်း၊ ပဲခူးမြို့မှ စာနယ်ဇင်းအဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်သန်း(မောင်စေတနာ)၊ ဦးကျော်(မောင်ယဉ်လှိုင်၊ ပျဉ်းမမြိုင်)၊ ဦးနေအောင်(ထွဏ်းနေအောင်)၊ ဒါရိုက်တာ ဦးအာယု၊ ကလိုစိန်(Co.,Ltd.) ဦးအေးမောင်ဝင်းနှင့် ဇနီး ဒေါ်ချောစုစုအေး(Lucky Palace Jewellery)မိသားစု၊ ဦးအောင်မျိုးသန့် (Cairo Co.,Ltd. Construction M.S Group)မှ ဦးညီညီနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဦးမောင်မောင်စိန် (MD) Tyer World Co.,Ltd.၊ ဦးမောင်မောင် (MD) Phoenix Group Int'l Co., Ltd. တို့အားလည်းကောင်း၊ ကိုယ်တိုင်မလာရောက်နိုင်၍ လှူဖွယ်ပစ္စည်းများပေးပို့ကြသော ရန်ကုန်၊ ပဲခူးမှ ဓမ္မမိတ်ဆွေများအားလည်းကောင်း၊ ပဲခူးမြို့ ဝင်းသုဇာမန်နေဂျာ ဦးမြင့်စန်းနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အမရဝတီပုံနှိပ်တိုက်မှ ဦးမြင့်သန်းနှင့်ဇနီး၊ ဗိုလ်မှူးစိုးလွင်ဦး(ငြိမ်း)နှင့်ဇနီးမိသားစု(ရွှေခြသေ့ကွန်ပျူတာ)၊ ရွှေအိုးကြီးသက်န်းတိုက်မှ ဦးရွှေမောင်ဦးနှင့်ဇနီး ဒေါ်စိန်မြင့်၊ ပဲနွယ်ကုန်းမှ ဦးအုန်းမောင်နှင့် ဆောက်လုပ်ရေးအဖွဲ့သားများ၊ မင်းကွန်ပျူတာမိသားစု၊ Theint Video (VCD, DVD) Digital Colour Photographic Service မှဝန်ထမ်းများ၊ နဝရတ်ဗီဒီယိုရိုက်ကူးရေးအဖွဲ့၊ ပဲနွယ်ကုန်းရဲတပ်ဖွဲ့စခန်းမှူးနှင့်ဇနီး၊ ရဲဝန်ထမ်းများ၊ ဦးရင်-ဒေါ်မြင့်သန်းမိသားစု(ပဲနွယ်ကုန်း)၊ ဦးမောင်မောင် (မှုလွန်ကျောင်းအုပ်ကြီး) တို့အားလည်းကောင်း၊ ကိုယ်တိုင်လာရောက်၍ လှူဒါန်းကြသော ရန်ကုန်၊ ပဲခူး၊ ပဲနွယ်ကုန်းမှ ဓမ္မမိတ်ဆွေများအားလည်းကောင်း၊ ဆွမ်း၊ ဆွမ်းဟင်းများ စီမံဆောင်ရွက်ပေးသော ကိုဝင်းမြင့်ဦးနှင့် ဝေယျာဝစ္စအဖွဲ့သားများ၊ ပဲနွယ်ကုန်းမြို့ တောရကြီးကျောင်းတိုက်သို့ လှူဒါန်းသော ပဒေသာပင်တွင် ပါဝင်ဒါနပြုကြသော ရန်ကုန်၊ ပဲခူး၊ ပဲနွယ်ကုန်းမြို့မှ အလှူရှင်ဓမ္မမိတ်ဆွေများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအားလုံးတို့ကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

သီရိသုဓမ္မဇောတဓရ ဦးငွေသိမ်း-ဒေါ်စမ်းမြင့်(သိမ့်မိသားစု)၊ ပဲနွယ်ကုန်းမြို့။

ကျေးဇူးဆပ်ပါမည်

ဒေါ်ကျင်အေး ၁၂/ဗဟန(နိုင်)၀၀၅၈၂၄၏ နိုင်ငံကူးလက်မှတ်အမှတ် ၅၅၇၇၅၆မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ **ဒေါ်ကျင်အေး**

ဖုန်း-၀၉-၉၉-၂၃၀၀၉။

ငှားရန်ရှိသည်

DOZER D-7 G CATERPILLAR

OCEAN KING SEAFOOD RESTAURANT

29-4-2006

NEW AYEYAR HOTEL (1st Floor)

01-256858, 256857

ကမ္ဘာ့အင်္ဂမြောက် ရွှေတိဂုံစေတီတော်ကြီး အလှူတော်ငွေပေးအပ်ပွဲ

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက အုတ်မြစ်တော်စီပေးပြီး မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ဗုဒ္ဓဝိပဿနာ တရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယ သမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ထားလျက်ရှိသည့် ကမ္ဘာ့အင်္ဂမြောက် အံ့ချီးဖွယ်ဖြစ်လာမည့် ရွှေတိဂုံစေတီတော်ကြီးပုံတော်တူ ကမ္ဘာ့ဝိပဿနာလိုဏ်ဂူ စေတီတော်ကြီးအတွက် တတိယအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၁ ရက် နံနက်ရနာရီခွဲတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဓမ္မဇောတိ ဝိပဿနာရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက် လှူဒါန်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တောင်ရပ်ကွက်နေ ဒေါ်အေးအေးခိုင် ၁၂/ကမရ(နိုင်)၀၄၇၄၇၂၏သားဖြစ်သူ မောင်အောင်ပြည့်ဖြိုးထွန်း(ခ)အောင်အောင် ၁၂/ကမရ(နိုင်)၀၅၂၆၁၆သည် မိခင်နှင့်အုပ်ထိန်းသူများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် တူ၊သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်၍ နောက်နောင်ဖြစ်လာမည့်ကိစ္စအဝဝအားလုံးကို လုံးဝတာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိခင်-ဒေါ်အေးအေးခိုင်နှင့်အုပ်ထိန်းသူများ။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ အောင်မင်းခန့်(ခ)မင်းမင်းသည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူနေထိုင်ပါသဖြင့် သားအဖြစ်မှစွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို မည်သို့မျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း သိစေအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **မိခင်-ဒေါ်သဇင်လတ် ၁၃/တကန(နိုင်)၀၄၄၄၈၁။**

LCCI MYOB 6-5-06

COMPUTERISED ACCOUNTING

U THURA SHEIN (MBA,CIMA)

240860

547295

April - 28

May-5,12,19,26

249871

U AUNG NAING (L.C.C.I)

2-5-2006

721145, 09-51-51024

နိုင်ငံတစ်ဝန်းရှိ ရိုးရာပန်းပညာရှင်များ ပန်းချီ၊ပန်းပုလက်ရာပြပွဲ ပြသမည်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)က မြန်မာတို့၏ရှေးအစဉ်အဆက် ဖွံ့ဖြိုးတိုးတက်လာသော ပန်းချီ၊ ပန်းပု အနုလက်ရာများကို မျိုးဆက်သစ်လူငယ်များ သိရှိခံစားဂုဏ်ယူနိုင်စေရန်နှင့်အများပြည်သူများကြည့်ရှုအားပေးနိုင်ရန်ရည်ရွယ်ပြီး တစ်နိုင်ငံလုံးရှိ တိုင်းနှင့်ပြည်နယ်အသီးသီးမှ ပန်းချီ၊ ပန်းပု အနုပညာရှင်များ၏လက်ရာများကို နိုဝင်ဘာလအတွင်း တစ်စုတစ်စည်းတည်း ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသနိုင်ရေးအတွက် ပြပွဲဖြစ်မြောက်ရေးကော်မတီ၏ ပထမအကြိမ်မြောက် အစည်းအဝေးကို ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)အစည်းအဝေးခန်းမတွင် ဧပြီ၂၂ရက်က ကျင်းပသည်။

အဆိုပါပြပွဲကြီးနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)မှ ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အမှားပြင်ဆင်ခြင်း

၂၆-၄-၂၀၀၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ပါ အများသိစေရန်ကြေညာခြင်း လင်ဖီတောင်(ခ)ခင်အေးလွင် ၁၃/ပဘတ(နိုင်)၀၂၆၀၃၈အား ၁၂/ပဘတ(နိုင်)၀၂၆၀၃၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

KMD Computer Centre

LCCI Computerised Accounting (MYOB)

[Duration 60 Hours]

စာအောင်သံဃာတော်များနှင့် သီလရှင်များအား ညောင်တုန်း၌ အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်

ညောင်တုန်း ဧပြီ ၁၃

ညောင်တုန်းမြို့တွင် ၂၀၀၅ ခုနှစ်က ဖြေဆိုအောင်မြင်တော်မူခဲ့သော စာအောင်သံဃာတော်များနှင့် သီလရှင်များအား ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီး၍ အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ဧပြီ ၉ ရက်က ညောင်တုန်းမြို့ ပုဏ္ဏမာရာမစျေးကျောင်းတိုက် ဓမ္မာရုံကြီးတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ညောင်တုန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဦးဥတ္တမာစာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်က ဩဝါဒကထာမြွက်ကြားသည်။ ထို့နောက် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်ကပ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဇော်၊ အတွင်းရေးမှူး ဦးအောင်မြင့်သိန်း၊ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းနောင်၊အဖွဲ့ဝင်(၂)မြို့နယ် သာသနာရေးဦးစီးမှူး ဦးစိုးမြင့်ထွန်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ယဉ်နှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများနှင့် စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)**

၂၀၀၅ ခုနှစ် ပါဠိပထမပြန် စာမေးပွဲတွင် ညောင်တုန်းမြို့နယ်မှ နိကာယ် နှစ်ပါး၊ စာချတန်း သုံးပါး၊ ပထမကြီးတန်း ၁၄ ပါး၊ ပထမလတ်တန်း ၁၅ ပါး၊ ပထမငယ်တန်း ၂၄ ပါး စုစုပေါင်း ၅၈ ပါး အောင်မြင်တော်မူကြကြောင်း သိရသည်။ **(၀၉၈)**

လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ရေငံကျေးရွာနှင့် ထန်းပင်ချောင်ကျေးရွာချင်းဆက် အရှည် ပေ ၅၈၀၀ ကျေးလက် ဂဝံလမ်း ခင်းခြင်းလုပ်ငန်းကို ဧပြီ ၂၃ရက်က အမှုဆောင်အရာရှိ ဦးနေမန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ကွင်းဆင်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်း၌ စေတနာမှုကြိုဆရာမများအား တွေ့ဆုံ စည်းကမ်းညီညွတ်စွာ ဆောင်ရွက်ရေးဆွေးနွေး

မိုးညှင်း ဧပြီ ၈

မိုးညှင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်မင်းထွန်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးနှင့် အဖွဲ့ဝင်များ မတ် ၂၅ ရက်က မိုးညှင်းမြို့နယ် ပင့်သာကျေးရွာသို့ သွားရောက်ကွင်းဆင်းဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

အဖွဲ့ဝင်များသည် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းနှီးစွာ တွေ့ဆုံအားပေးစကားပြောကြားပြီး ယဉ်ကျေးမှုအဖွဲ့ရန်ပုံငွေအတွက် အလှူငွေများပေးအပ်ကြသည်။

ကြိုဆို

ထို့နောက် ပင့်သာကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ဖွင့်လှစ်ထားသော မူကြိုကျောင်းသို့သွားရောက်ကြည့်ရှုကြရာ ပင့်သာကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် စေတနာဆရာမများက ကြိုဆိုကြသည်။

ထို့နောက်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတနာမူကြိုဆရာမများအား ရင်းနှီးစွာ တွေ့ဆုံကာ လုပ်ငန်းများ စည်းကမ်းညီညွတ်စွာ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားကြောင်း သိရသည်။ **(၁၅၂)**

မြန်မာ့အသံ

၂၈-၄-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာ ပြန်ကြားလွှာ)

၁၁:၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၂:၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ငှက်ဖျားရောဂါနှင့် တိုင်းရင်းဆေးပညာ)

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (တိမ်စင်သည့်လ)

ညနေပိုင်း

၁၆:၃၀ ဆွေးနွေးခန်း (မန်ဟီးရိုးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများ)

၁၇:၃၀ အဘိုးအဘွားအလေးထား (မုံရွာ ဘိုးဘွားရိပ်သာအကြောင်း)

၁၇:၅၀ နိုင်ငံတကာ စီးပွားရေးသတင်းပဒေသာ

၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ချွဲတယ်လို့ဆိုချင်ဆို)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (ကျန်းမာရေးအတွက် ရေသန့်သန့် သောက်သုံးနိုင်ဖို့-မောင်ဆုရှင်)

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ရွှေတောင်၌ ကြည့်ရှုစစ်ဆေး၊ ဟောပြောဆွေးနွေး

ရွှေတောင် ဧပြီ ၁၆

ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂)ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဦးခင်မောင်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၁၀ ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်စျေးများရှိ ကြက်၊ ဘဲရောင်းချသူများအား စစ်ဆေးကြသည်။ **(အောက်ပုံ)**

ဟောပြောဆွေးနွေး

ဆက်လက်၍ မြို့ပေါ် သုံးရပ်ကွက်ရှိ ကြက်၊ ဘဲ မွေးမြူရေးခြံများသို့ လိုက်လံစစ်ဆေးကြပြီး စီမံချက်ပါအတိုင်း အပတ်စဉ်မြို့နယ်အတွင်း ကျေးရွာအုပ်စုများသို့ အဖွဲ့များခွဲကာ ကွင်းဆင်းစစ်ဆေးခြင်း၊ ဟောပြောဆွေးနွေးခြင်း ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြို့နယ်အတွင်း ထူးခြားမှုတစ်စုံတစ်ရာ တွေ့ရှိခြင်းမရှိခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မျိုးဆက်ပွားကျန်းမာရေးသင်တန်းဆင်းပွဲ လှိုင်ကော်၌ကျင်းပ

လှိုင်ကော် ဧပြီ ၁၅

ကယားပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေး သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၃ ရက်က လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဆင်းပွဲအခမ်းအနားသို့ ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းရင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသူ သင်တန်းသား ၄၈ ဦးတို့ တက်ရောက်ကြသည်။

ကျေးဇူးတင်စကား

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားတစ်ဦးဖြစ်သူ မောင်ညီညီလတ်က ကျေးဇူးတင်စကားပြန်လည် ပြောကြားကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ခင်ဦးမြို့နယ် ဥစ္စာတွင်းကျေးရွာ ကျောက်ချောလမ်း အပိုင်း(၁)ဖွင့်

ခင်ဦး ဧပြီ ၇

ခင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဥစ္စာတွင်းကျေးရွာ ကျောက်ချောလမ်းအပိုင်း(၁)ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ဒုတိယရဲမှူးတင်မောင်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က လမ်းဖောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

ထို့နောက် မြို့နယ်အဖွဲ့ဝင်(၁)ဒုတိယရဲမှူး တင်မောင်သိန်းနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးဝင်းနိုင်တို့က ဥစ္စာတွင်းကျေးရွာ ကျောက်ချောလမ်း အပိုင်း(၁)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ) (မြို့နယ်စည်ပင်)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်ခဲ့သော သီးကုန်းကျေးရွာ ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို မတ်၂၄ရက်က ကျင်းပစဉ်။ (မြို့နယ်စည်ပင်)

တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ ရက်သတ္တပတ်လှုပ်ရှားမည့်လုပ်ငန်းများ ဟောပြော

ကျွန်းလှ ဧပြီ ၅

၂၀၀၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက ကျွန်းလှမြို့ စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်က အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ကိုကိုလေးက ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်မည့်လုပ်ငန်းများ ဟောပြောသည်။

ဆက်လက်၍ မန္တလေး ဆေးတက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသား မောင်ဗညားထွန်းက တီဘီရောဂါအကြောင်း သိကောင်းစရာများ ဟောပြောကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အများသိစေရန်

ကျွန်မ ဒေါ်ခင်ခင်ချော ၁၃/တကန(နိုင်) ၀၂၅၁၀၈ နှင့် ဦးသန့်ဇင် **TGI-**၀၁၄၉၁တို့သည် ၂၂–၉–၂၀၀၅ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြီးစီးသွားပါသဖြင့် နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝတွင် မသက်ဆိုင်တော့ပါကြောင်း သိစေအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်ခင်ခင်ချော ၁၃/တကန(နိုင်) ၀၂၅၁၀၈။






ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဆိုင်ထွက်ခွင့်ရှိသူ အမည်ပြောင်းလဲခြင်းဆိုင်ရာ ကြော်ငြာ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် စောင်းတန်းများအတွင်း ဆောက်လုပ်ထားသော ဆိုင်ခန်းများ၌ ရောင်းချရန် ဆိုင်ထွက်ခွင့်ရသူများ သတ်မှတ်ခွင့်ပြုထားရှိပါသည်။ ယခုအခါ ယင်းဆိုင်ခန်းများတွင် ဈေးရောင်းချရန် ဆိုင်ထွက်ခွင့်ရသူအမည်များ ပြောင်းလဲပေးရန် လျှောက်ထားတင်ပြလာသောကြောင့် ဂေါပကအဖွဲ့မှ အမည်ပြောင်းလဲပေးရန် စီမံဆောင်ရွက်နေပါသည်။

အောက်ဖော်ပြပါ ဆိုင်ခန်းများတွင် ဆိုင်ထွက်ခွင့်ရသူအမည်ပြောင်းလဲခြင်းကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားတင်ပြပြီး ဤကြော်ငြာသည့် ရက်မှစ၍ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

တောင်ဘက်စောင်းတန်းမှ ဆိုင်ထွက်ခွင့်ရသူ အမည်ပြောင်းလိုသော ဆိုင်အမှတ်များ

၂။ ၅။ ၆။ ၇။ ၈။ ၁၁။ ၂၈။ ၃၇။ ၄၄။ ၄၈။ ၅၀။ ၅၆။ ၅၇။ ၅၈။ ၅၉။ ၆၀။ ၆၁။ ၆၂။ ၆၄။ ၇၉။ ၈၁။ ၈၃။ ၈၆။ ၉၅။ ၁၀၁။ ၁၁၀။ ၁၁၂။ ၁၁၃။ ၁၁၅။ ၁၁၇။ ၁၁၈။ ၁၁၉။ ၁၂၃။ ၁၂၅။ ၁၂၇။ ၁၂၉။ ၁၃၁။

တောင်ဘက်(ဈေးတော်ရုံ)မှ ဆိုင်ထွက်ခွင့်ရသူ အမည်ပြောင်းလိုသော ဆိုင်အမှတ်များ

၃။ ၁၃။ ၁၆။ ၁၉။ ၂၀။ ၂၆။ ၂၉။ ၃၀။ ၃၃။ ၃၅။ ၃၈။ ၃၉။ ၄၀။ ၄၁။ ၄၅။

အရှေ့ဘက်စောင်းတန်းမှ ဆိုင်ထွက်ခွင့်ရသူ အမည်ပြောင်းလိုသော ဆိုင်အမှတ်များ

၃။ ၅။ ၉။ ၁၁။ ၁၈။ ၂၁။ ၂၃။ ၂၅။ ၃၁။ ၃၈။ ၄၀။ ၄၃။ ၄၄။ ၄၉။ ၅၀။ ၆၁။ ၆၂။ ၆၃။ ၆၄။ ၆၉။ ၇၀။ ၇၁။ ၇၃။ ၇၅။ ၇၇။ ၇၈။ ၈၀။ ၈၁။ ၈၆။ ၉၀။ ၉၄။ ၉၇။ ၉၉။ ၁၀၆။ ၁၁၃။ ၁၁၄။ ၁၂၇။ ၁၃၁။ ၁၃၃။ ၁၃၇။ ၁၃၉။

မြောက်ဘက်စောင်းတန်းမှ ဆိုင်ထွက်ခွင့်ရသူ အမည်ပြောင်းလိုသော ဆိုင်အမှတ်များ

၁၄။ ၂၄။ ၂၇။ ၂၈။ ၃၀။ ၃၂။ ၃၃။ ၃၆။ ၄၀။ ၅၂။ ၅၄။ ၅၉။ ၆၁။ ၆၆။ ၆၈။ ၆၉။ ၇၀။

ဂေါပကအဖွဲ့။



မြဝတီမြို့ မနော်ဟာရီလမ်း ကတ္တရာလမ်းသစ်ဖွင့်

မြဝတီ ဧပြီ ၈

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော အမှတ်(၅)ရပ်ကွက် မနော်ဟာရီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက်က အဆိုပါလမ်းထိပ်မှခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ် မြင့်နောင်နှင့် ဗိုလ်မှူးကြီး ကျော်မျိုးထွဋ်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးနှင့် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၇၂၃၀၀၀၀ နှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၂၀၀၀၀၀၀ ဖြစ်ပြီး အလျားပေ ၁၉၅၀၊ အကျယ် ၁၄ ပေကို ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ဖြူးမြို့၌ ပရိတ်တရားတော်ရွတ်ဖတ် သက်ကြီးအဘိုးအဘွားများအားပူဇော်

ဖြူး ဧပြီ ၁၉

ဖြူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီး အဘိုးအဘွားပူဇော်ပွဲကို ဧပြီ၇ရက် ညနေ ၄နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပူဇော်ပွဲတွင် ပင့်သံဃာတော်ကိုးပါးတို့က ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး သက်ကြီးအဘိုးအဘွား၈၂ဦးတို့အား မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများက လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

(အောက်ပုံ) (၂၈၄)

စက်ချုပ်နှင့် မုန့်ဖုတ်သင်တန်း မြင်းခြံမြို့၌ ဖွင့်လှစ်

မြင်းခြံ ဧပြီ ၆

မြင်းခြံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ခါနွေဦး စက်ချုပ်နှင့် မုန့်ဖုတ်သင်တန်း ဖွင့်ပွဲကို မတ် ၂၈ ရက်က မြို့နယ်အသင်းရုံး အဆောက်အအုံ၌ ကျင်းပရာ သင်တန်းသူအသင်းဝင်များနှင့် အဖွဲ့ဝင် ၅၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြသီဂီက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဖွားရီက သင်တန်းများ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

(၄၀၂)

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော် ပရိဝုဏ်အတွင်းပြုပြင်ဆောင်ရွက်ရန်အတွက် ဧပြီ ၁၇ရက်က သား မင်းအောင်ထွေး(ငါးနှစ်မြောက်) အား ရည်စူး၍ မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် အမှတ်(၉) တောင်ရိုးတန်းလမ်း ဦးခင်မောင်ဝင်း–ဒေါ်သိန်းမေ (ဦးငွေစိုးစပယ်ရှယ်ငရုတ်သီးမှုန့်) မိသားစုက ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး(၂)ဦးဟန်လွင်က လက်ခံယူစဉ်။ (၁၆၈)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးဆွေးနွေး

မြောင် ဧပြီ ၅

စစ်ကိုင်းခရိုင် မြောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၃၁ ရက်နံနက်က မြောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ထီးလှိုင်ရှင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့်အဖွဲ့ဝင်များ၊ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်စာရေး ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ လောင်စာဆီ အစားထိုး ခြံစည်းရိုးကြက်ဆူပင် တိုးမြှင့်စိုက်ပျိုးရေးနှင့် ကြက်ငှက် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် နှိမ်နင်းရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။

(၃၆၇)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဧပြီ ၃ရက်က မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်လျက်ရှိသော ပလက်ဖောင်း ပြုလုပ်ခြင်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးအေးမင်းနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်း တင်ပြစဉ်။

(မြို့နယ် စည်ပင်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တောင်အာဖရိကနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၆ခုနှစ် ဧပြီ ၂၇ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တောင်အာဖရိကသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စဖန်ဇီးမလန်ဘိုငူကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဆားဘီးယားနှင့်မွန်တီနီဂရိုနိုင်ငံသမ္မတထံသဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၆ခုနှစ် ဧပြီ ၂၇ရက်တွင် ကျရောက်သည့် ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံသမ္မတ မစ္စတာ ဆဗက်တိုဇာ၊ မာရိုဗစ်ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နေပြည်တော်မြို့တော် မိုးလေဝသအခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဧပြီ ၂၇ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

လားရှိုးမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဧပြီ ၂၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၁ရက် မွန်းလွဲပိုင်းက တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင်နှင့် နေကြာစံပြသီးညှပ်ပျိုးဥယျာဉ်သို့လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင် သုတေသနပျိုးဥယျာဉ်သို့လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင်၊ နှစ်တိုနာနတ်ပင်နှင့် နှစ်ရှည် လိုက်ချီးပင်မျိုးသန့်မျိုးပွားသုတေသနစိုက်ခင်းသို့လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင်နှင့် နေကြာသီးညှပ်စိုက်ခင်းသို့ လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူ ***စာမျက်နှာ ၉ ကော်လံ ၁*** ●

ပဉ္စမအကြိမ် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာ ရက်သတ္တပတ်တွင် Lucky Bird Computer မှ ခင်းကျင်းပြသမည့် Creative Musical Keyboard ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ခေတ်မီဆန်းသစ်သော အိုင်တီနည်းပညာသုံးပစ္စည်းများပြသမည့် ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၆

ယနေ့ကမ္ဘာတစ်ဝန်းတွင် အိုင်တီနည်းပညာရပ်များ တစ်နေ့ထက်တစ်နေ့ ဖွံ့ဖြိုးလာလျက်ရှိရာ အိုင်တီနည်း ပညာသုံးပစ္စည်းများ၏ ဝန်ဆောင်မှုပေးနိုင်စွမ်းကလည်း အံ့မခန်း မြင့်မားလာသည်။ လျင်မြန်စွာတိုးတက်လာသော အိုင်တီနည်းပညာကို နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံတွင်လည်း အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမြဲမပြတ်

ထိုသို့ ကြိုးစားဆောင်ရွက်ရာတွင် အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ အနေဖြင့် အိုင်တီနည်းပညာရပ်များနှင့် အိုင်တီနည်းပညာသုံး ပစ္စည်းများကို လက်တွေ့သုံးစွဲနိုင်ရန်နှင့် သိရှိ ဆည်းပူးလိုစိတ်များ တိုးပွားလာစေရန်အတွက် မြန်မာအိုင်စီတီရက်သတ္တပတ်များကို အမြဲမပြတ် ခင်းကျင်းပြပေးခဲ့သည်။

ယခုအခါ မြန်မာအိုင်စီတီ ရက်သတ္တပတ်များ ခင်းကျင်းပြသလာခဲ့သည်မှာ ပဉ္စမအကြိမ် ရောက်ရှိတော့မည် ဖြစ်သည်။ ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ကို ဧပြီ ၂၈ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ခင်းကျင်း ပြသတော့မည်ဖြစ်ရာ ***စာမျက်နှာ ၇ ကော်လံ ၁*** ✡

ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆တွင် ခင်းကျင်းပြသမည့် FISCA မှ ခေတ်မီနည်းပညာသုံးလုံခြုံရေးပစ္စည်းများ။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အသက်(၁၄)နှစ်အောက် အာရှကျောင်းသားဘောလုံးပြိုင်ပွဲ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး- ကိုထွေး

ရန်ကုန် ဧပြီ ၂၆

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှတိုက်အတွင်းရှိ နိုင်ငံများမှ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်ဘောလုံးသမားများပေါ်ထွက်လာစေရေး ရည်ရွယ်ချက်ဖြင့် ဇုန်များခွဲ၍ အသက်(၁၄)နှစ်အောက် အာရှကျောင်းသားဘောလုံးပြိုင်ပွဲကို နှစ်စဉ် ကျင်းပပေးလျက်ရှိသည်။

ယှဉ်ပြိုင်မည်

၂၀၀၆ခုနှစ် အသက်(၁၄)နှစ်အောက် အာရှကျောင်းသားဘောလုံးပြိုင်ပွဲ(AFC U-14 Festival 2006) ကို မလေးရှားနိုင်ငံ၌ မေ ၂၉ရက်မှ ဇွန် ၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ အသက်(၁၄)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ***စာမျက်နှာ ၁၂ ကော်လံ ၁*** ■